




နတ်နွယ်
လျှို့ဝှက်သင်္ကေတအဂရောဂုံ
Warren Murphy
and Richard Sapir
CREATED, THE DESTROYER
CURE
တတိယအကြိမ်


mgyoe.com










mgyoe.com
NN0028
2,500.00 KS

mgyoe.com

လျှို့ဝှက်သင်္ကေတအာရောဂျ၊ နတ်နွယ်
စာမျက်နှာ ၂၀၅ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးဒိုင်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ သုရိယစာပေ၏ ဒုတိယအကြိမ်မှု၊
(ပထမအကြိမ် - ၁၉၉၀၊ ဘဝတက္ကသိုလ်စာပေ)

ရောင်းဈေး ၂၅၀၀ ကျပ်

ဆေး ဂါနက္ခတ်နွယ်ဖော်စာမူ၊စာအုပ်များမူပိုင် – စိတ်ကူးချိုချို®

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# လှျို့ဝှက်သင်္ကေတ အာရောဂျ

# CREATED DESTROYER

**Warren Murphy & Richard Sapir**

နတ်နွယ်

တတိယအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# (၁)

ရီမိုဘာကြောင့် သေဆုံးရမည်ကို လူတိုင်းကပင် သိရှိကြသည်။ ရီမိုသည် ပြည်သူ့ဝန်ထမ်းတစ်ဦးအနေဖြင့် အနစ်နာခံသွားရခြင်းပင်ဖြစ်ကြောင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများကို နယူးအတ်မြို့ ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

"ဒုစရိုက်သမားတစ်ယောက်ကို သတ်မိခဲ့တဲ့အတွက် ရဲအမှုထမ်းတစ်ယောက်က လျှပ်စစ်ကုလားထိုင်ပေါ်တက်ရတယ်လို့ ဘယ်သူကများ ကြားဖူးသလဲ၊ မသကာ ရာထူးကနေ ခဏချထားရုံပေါ့၊ မသကာ အလုပ်ကနေ ထုတ်ပစ်လိုက်ရုံပေါ့၊ အခုတော့ ဘယ်လိုဖြစ်ပြီး လျှပ်စစ်ကုလားထိုင်ပေါ် တက်ရသလဲ"

ရဲတပ်ဖွဲ့မှူးက သတင်းထောက်များကို ပြောဆိုရာတွင်လည်း...

"တော်တော့်ကို စိတ်မချမ်းသာစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုပဲ၊ ဝီလီယံဟာ တကယ့်ကိုတော်ပြီး ထူးချွန်တဲ့ အမှုထမ်းကောင်းတစ်ယောက်ပဲ"

သို့သော် သတင်းစာဆရာများသည် အရူး အ,အများ မဟုတ်ကြပါ။ ဝီလီယံဘာကြောင့် သေဆုံးရမည်ကို သူတို့ ကောင်းကောင်းသိပါသည်။

"ဒီလူက အရူးပဲ။ အရူးတစ်ယောက်ကို လမ်းပေါ်မှာ လွှတ်ထားလို့ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ။ ဒီလူဟာ ဘာဖြစ်လို့ ပတ်ကြမ်းတိုက်တဲ့နည်းကို သုံးရတာလဲ။ ဒီလူဟာ လူတစ်ယောက်ကို လက်လွန်ခြေလွန်လုပ်ပြီး လမ်းကြားတစ်ခုမှာ ထားပစ်ခဲ့တယ်။ နောက်ပြီးတော့ သူ့ရဲ့ ရာထူးတံဆိပ်ကို သက်သေခံအဖြစ် ချထားခဲ့တယ်။ ပြီးတော့ သူ့ကို လူများတွေက ထောင်ချောက်ဆင်ကြတာပါလို့ပြောတယ်၊ အရူးပဲ"

mgyoe.com

တရားခံရှေ့နေကလည်း ၎င်း၏အမှုသည် ဘာကြောင့် အမှုရှုံးရသည်ကို ကောင်းစွာနားလည်ပါသည်။

"ပြဿနာက အဲဒီတံဆိပ်ပဲ။ ဒီလို သက်သေခံအထောက်အထားကြီးနှင့် သူ ဘယ်လိုလုပ်ပြီး လွတ်နိုင်မှာလဲ၊ အဲဒီငနဲကို သူရိုက်တယ်ဆိုတာ သူဘာဖြစ်လို့ ဝန်မခံရတာလဲ။ တကယ်လို့သာ သူဝန်ခံခဲ့ရင် တရားသူကြီးက သူ့ကို ဘယ်မှာ သေဒဏ်ပေးပါ့မလဲ"

သို့သော် ယခုကဲ့သို့ အပြစ်ဒဏ်ချမှတ်လိုက်ခြင်းကို သဘောမပေါက်နိုင်သူတစ်ဦး ရှိပါသည်။ အပြစ်ဒဏ်က ကြီးမားလွန်းလှသည်။ အပြစ်ဒဏ်ပေးပုံက မြန်ဆန်လွန်းလှသည်။ သို့သော် သူ့အနေနှင့် သဘောမပေါက်၊ နားမလည်နိုင်ဖြစ်သည်။ ယနေ့ည ၁၁:၃၅ နာရီမှာပင် နိဂုံးချုပ်သွားမည်ဖြစ်သည်။ သည့်နောက်တွင်ကား ဘာမျှ ထူးခြားခြင်း ရှိတော့မည်မဟုတ်ပါ။

ရီမိုဝီလီယံသည် အချုပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင်ထိုင်ပြီး စီးကရက်တစ်လိပ်ပြီး တစ်လိပ် သောက်နေသည်။ သူ၏အညိုရောင်ဖျော့ဖျော့ဆံပင်များကို လျှပ်စစ်ခေတ်ခေါင်း တပ်ဆင်မည့် နားထင်နှစ်ဖက်တွင် ပြောင်နေအောင် ရိတ်ထားသည်။

အကျဉ်းသားဝတ်စုံဖြစ်သော မီးခိုးရောင်ဘောင်းဘီရှည်သည် ဒူးဆစ်လောက် အထိ ကွဲနေသည်။ ခြေအိတ်ဖြူဖြူများသည် စီးကရက်ပြာမှုန့်များ စွန်းထင်နေသော နေရာများမှအပ ဖြူစင်သန့်ရှင်းလျက် ရှိကြသည်။ သူက ဆေးလိပ်ပြာခွက်ကို မနေ့ကတည်း ကစပြီး မသုံးတော့ပါ။

ဆေးလိပ်တိုများကို ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်သည်။ တငွေ့ငွေ့မီးလောင်ကျွမ်းနေ သည်ကို ထိုင်ပြီးကြည့်နေသည်။ ဆေးလိပ်တိုသည် နောက်ဆုံးတွင် အမှတ်အသား တစ်စုံ တစ်ရာမျှပင် မထင်ကျန်တော့ပါ။

အစောင့်နှစ်ဦးက အချုပ်ခန်းတံခါးကိုဖွင့်ပေးပြီး ထောင်ကျတစ်ဦးက အစီခံများကို ဝင်ရောက်ရှင်းလင်းသည်။ ထိုအချိန်တွင် သူက အချုပ်ခန်းအပြင်ဘက်ရှိ အစောင့်နှစ်ဦး၏ အလယ်တွင် စောင့်ဆိုင်းနေရသည်။

အခန်းတွင်းသို့ သူ ပြန်လည်ဝင်ရောက်သွားသောအခါ ဤအခန်းထဲတွင် သူ ဆေးလိပ်သောက်ခဲ့သည့်အကြောင်း သို့မဟုတ် ကြမ်းပြင်ပေါ်တွင် စီးကရက်တိုများ မီးလောင် ခဲ့သည့်အကြောင်း သက်သေခံအထောက်အထား တစ်ခုမျှ ကျန်ရစ်တော့မည်မဟုတ်ပါ။

သူသည် ဤကြိုးတိုက်ခန်းတွင် သူ၏ အစအနဟူ၍ ဘာတစ်ခုမျှ ချန်ရစ်ထားခဲ့နိုင် မည်မဟုတ်ပါ။ ခုတင်မှာ သံမဏိဖြစ်ပြီး ဆေးသုတ်ထားခြင်းမရှိသဖြင့် သူ၏အမည်

mgyoe.com

အတိုကောက်ကို ရေးခြစ်နိုင်မည်မဟုတ်ပါ။ မွေ့ရာတွင် ဆုတ်ဖြဲမှတ်သားခဲ့လျှင်လည်း သူတို့က မွေ့ရာအသစ်တစ်ခု လဲလှယ်လိုက်ကြမည်ဖြစ်သည်။

တစ်နေရာရာတွင် တစ်ခုခုကို ချည်နှောင်စရာဟူ၍လည်း သူ့မှာ ဘာကြိုးတစ်မျှင်မှ မရှိပါ။ သူ့ခေါင်းပေါ်မှ လျှပ်စစ်မီးလုံးကိုပင် ထုခွဲနိုင်ခြင်း မရှိပါ။ မီးလုံးကို မှန်ပြားအထူ ဖုံးအုပ်ထားပြီး မှန်ပြားပေါ်တွင် သံဇကာကွန်ချာတစ်ထပ် ရှိနေပါသည်။

ဆေးလိပ်ပြာခွက်ကို သူ ရိုက်ခွဲချင်လျှင် ခွဲနိုင်ပါသည်။ ထို့အပြင် မျက်နှာသစ် ကြွေဇလုံတွင်လည်း တစ်စုံတစ်ခု ရေးချင်လျှင် ရေးနိုင်ပါသည်။

သို့သော် သူ ဘာရေးရမည်နည်း။ အကြံဉာဏ်ပေးစာ ရေးရမည်လား၊ မှတ်တမ်း စာတစ်ခု ရေးရမည်လား။ မည်သူ့ကိုရည်စူးပြီး ရေးရမည်နည်း။ မည်သည့်အတွက် ရေးရ မည်နည်း။ သူတို့ကို သူက ဘာတွေပြောခဲ့နိုင်မည်နည်း။

လူတစ်ယောက်သည် မိမိအလုပ်ကို မိမိလုပ်သည်။ အရေးယူခံရသည်။ မိမိ တာဝန်ကျသော လမ်းကြားတစ်နေရာတွင် ဒုစရိုက်သမားတစ်ယောက် သေဆုံးနေသည်။ ၎င်း၏လက်ထဲတွင် မိမိ၏ ဂုဏ်ရာထူးတံဆိပ်ရှိနေသည်။ မိမိကို သူတို့က ဘွဲ့ထူးဂုဏ်ထူး မပေးပါ။ သူတို့အားလုံးပင် ထောင်ထားသော ထောင်ချောက်အတွင်းသို့ သက်ဆင်းသွား ကြရသည်။ ယင်းအတွက် မိမိမှာ လျှပ်စစ်ကုလားထိုင်နှင့် နဖူးစာဆုံရတော့သည်။

လူ့အဖွဲ့အစည်းကြီးကို ဒုက္ခပေးနေသော လူဆိုးများ၊ သူခိုးများ၊ လူလိမ်လူကောက် များ၊ လူသတ်သမားများ၊ မှောင်ခိုများ၊ ဒုစရိုက်သမားများအားလုံးကို ပို့ဆောင်ရန် မိမိ ကြိုးပမ်းခဲ့သော ကြိုးတိုက်အတွင်းတွင် ယခုအခါ ၎င်းတို့၏ ကောင်းကျိုးအတွက် မိမိ အသက်ကို ပေးခဲ့ရသော လူ့အဖွဲ့အစည်းကြီးက မိမိကို မျက်ကွယ်ပြုကြလေပြီ။

မိမိ ဘာလုပ်ရမည်နည်း။ ဥပဒေကို ချိုးဖောက်သူများ လျှပ်စစ်ကုလားထိုင်ပေါ်သို့ မရောက်ရှိဘဲ ဥပဒေကို ကာကွယ်စောင့်ရှောက်သူတစ်ဦး လျှပ်စစ်ကုလားထိုင်ပေါ်သို့ ရောက်ရချေတော့မည်။

သည်အကြောင်းတွေကို မျက်နှာသစ်ကြွေအင်တုံတွင် ရေးထားခဲ့၍ မဖြစ်နိုင်ပါ။ သည်တော့ မိမိ ဘာလုပ်မည်နည်း။ စီးကရက်တစ်လိပ်ကို မီးညှိပြီး သောက်မည်။ မီးလောင် ကျွမ်းပြီး ချုပ်ငြိမ်းသွားသည်ကို ထိုင်ကြည့်မည်။

ရီမိုဝီလီယံသည် ပရုပ်အေးစီးကရက်တိုကို ပါးစပ်မှဖြုတ်ယူပြီး မျက်စိရှေ့တွင် ကိုင်ထားကာ ကြည့်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။

သူ၏နံဘေးရှိ စောင်ခေါက်ပေါ်တွင် စီးကရက်နှစ်ဘူးရှိသည်။ စီးကရက်အသစ်

 mgyoe.com 

တစ်လိပ်ကို သူနှိုက်ယူပြီး သူ့ကို ကျောပေးရပ်နေကြသော အစောင့်နှစ်ယောက်ကို သူကြည့်လိုက်သည်။ သူတို့ကို စကားမပြောသည်မှာ နှစ်ရက်ရှိပြီး သေစာရင်းအသွင်းခံထားရကတည်းက ဖြစ်သည်။

အသစ်ညှိလိုက်သော စီးကရက်ကို ရိမိုကြည့်သည်။ ပရပ်အေးအရသာကို ရုတ်ခြည်းဆိုသလို မကြိုက်သလိုဖြစ်လာပြီး အစီခံကိုချိုးကာ ကြမ်းပြင်ပေါ်သို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် ချိုးဖွဲ့ထားသော စီးကရက်ကို နှုတ်ခမ်းနှစ်ခုကြားတွင် ထည့်ကာ တအားရှိုက်ဖွာလိုက်သည်။ ဆေးလိပ်မီးခိုးများ မျက်နှာကြက်ဆီသို့ လွင့်တက်နေကြသည်။ ရုတ်ခြည်းဆိုသလိုပင် သူ့မျက်နှာတင်းမာလာပြီး စီးကရက်တိုကို ခြေထောက်ဖြင့် နင်းခြေပစ်လိုက်သည်။

ဘာတစ်ခုမျှ အရာမထင်ပါ။

ကြမ်းပြင်ပေါ်ရှိ စီးကရက်တိုများဆီသို့ သူ ဖြည်းလေးစွာ ကုန်းငုံ့လိုက်သည်။

"ကျုပ်တို့ ရှင်းပေးမှာပေါ့"

အစောင့်တစ်ယောက်က ပြောသည်။ သူ့နာမည်မှာ မိုက်ဖြစ်ကြောင်း ရိမို ခပ်ရေးရေး မှတ်မိနေသည်။ မိုက်မှာ အရပ်ထောင်ထောင်မောင်းမောင်း ဖြစ်သည်။

"ကျွန်တော့်ဘာသာ ကျွန်တော်ရှင်းမယ်"

ရိမို ပြောလိုက်သည်။ သူ့ပါးစပ်မှ စကားလုံးများ ထွက်ပေါ်လာသည်မှာ နေးကွေးလေးလံလှသည်။ သူ စကားမပြောသည်မှာ အဘယ်မျှကြာချေပြီနည်း။

"တစ်ခုခုစားမလား၊ မိုးတော့ချုပ်နေပြီ၊ ဒါပေမဲ့ တစ်ခုခုတော့ ရနိုင်ပါလိမ့်မယ်"

အစောင့်က မေးသည်။

ရိမို ခေါင်းခါသည်။

"ကျွန်တော် အခုပဲ ရှင်းလို့ပြီးတော့မယ်၊ ကျွန်တော့်အတွက် အချိန်ဘယ်လောက်ကျန်သေးသလဲ"

"နာရီဝက်လောက် ကျန်ပါသေးတယ်"

ရိမို ဘာမျှပြန်မပြော။ ကြမ်းပြင်ပေါ်တွင် ပြာတွေကို သူ၏လက်ဝါးကြီးနှစ်ဖက်ဖြင့် သုတ်ပစ်နေသည်။ သူ့မှာ ဖုန်သုတ်တစ်ခုရှိခဲ့လျှင် ပို၍ အဆင်ပြေမည်။

"ခင်ဗျားအတွက် ကျုပ်တို့ ဘာလုပ်ပေးရမလဲ"

မိုက်က မေးသည်။

ရိမို ခေါင်းကိုယမ်းပြီး...

mgyoe.com

mgyoe.com


"ဘာမှမလိုပါဘူး၊ စီးကရက်သောက်ပါဦး"

"ကျုပ်တို့ ဒီမှာ ဆေးလိပ်မသောက်ရပါဘူး"

"ဟုတ်လား၊ ဒါဖြင့် တစ်ဘူးယူထားပါလား၊ ကျွန်တော့်မှာ နှစ်ဘူးရှိပါတယ်"

"ကျေးဇူးတင်ပါတယ်၊ ယူခွင့်မရှိပါဘူး"

"ခင်ဗျားတို့အလုပ်က အတော်တာဝန်ကြီးမှာပဲ"

"အလုပ်တစ်ခုပဲပေါ့၊ ကျုပ်တို့အလုပ်က ကင်းလှည့်ရတာနဲ့ မတူပါဘူး။ ဒါပေမဲ့ စောင့်ကြည့်နေရတဲ့အလုပ်"

"အင်း... အလုပ်ဟာ အလုပ်ပဲပေါ့"

ရီမို ယင်းသို့ပြောဆိုကာ ပြုံးလိုက်သည်။

"ဟုတ်တယ်"

အစောင့်က ပြောလိုက်သည်။ ထို့နောက် တိတ်ဆိတ်သွားသည်။

ရီမို တစ်ခုခုပြောရန် စဉ်းစားသည်။ သို့သော် စဉ်းစား၍မရ။

"ခဏနေရင် ဒီကို ခရစ်ယာန်ဘုန်းကြီး ကြွလာလိမ့်မယ်"

အစောင့်က ပြောသည်။

ရီမို မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော် ဘုရားကျောင်းမရောက်တာ ကြာပြီ၊ ခရစ်ယာန်ဘုန်းကြီး ကျောင်းသားဘဝက ထွက်လာကတည်းကပေါ့။ ဩော်... ဒါနဲ့ ပြောရဦးမယ်။ ကျွန်တော်ဖမ်းခဲ့တဲ့ လူဆိုးတွေအားလုံးဟာ ငယ်ငယ်တုန်းက ဘုရားရှိခိုးကျောင်းမှာ ခရစ်ယာန်ဘုန်းကြီး ကျောင်းသားလုပ်ခဲ့ဖူးတဲ့ လူချည်းပဲ၊ ပရိုတက်စတင့်တွေရော၊ ဂျူးတွေရောပေါ့၊ ကျွန်တော် မသိတာတချို့ကို သူတို့သိမှာအမှန်ပဲ။ ဟုတ်ပြီလေ၊ ခရစ်ယာန်ဘုန်းကြီး ကြွလာရင် ကျွန်တော်တွေ့ပါမယ်"

ရီမို ခြေထောက်များကို ဆန့်လိုက်ပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ သံတိုင်များပေါ်တွင် သူ၏ညာလက်ကို တင်လိုက်သည်။

"အင်း... အတော်တော့ မသက်သာတဲ့အလုပ်ပဲ"

အစောင့် ခေါင်းညိတ်သည်။ အစောင့်နှစ်ယောက်စလုံး နောက်ဘက်သို့ တစ်လှမ်းစီ ဆုတ်လိုက်ကြသည်။

"ကောင်းသားပဲ၊ ဒါပေမဲ့ ခဏတော့ နေပါဦး"

"အချိန် သိပ်မရှိတော့ဘူး"

mgyoe.com

အစောင့် မျက်လွှာချပြီး ပြောသည်။

"အချိန်နည်းနည်းတော့ ရှိပါသေးတယ်၊ မိနစ်ပိုင်းပေါ့"

"ဟုတ်ပြီလေ၊ ကျုပ်တို့သွားမပင့်လည်း ခရစ်ယာန်ဘုန်းကြီးက ဒီကိုလာမှာပဲ"

"လုပ်နေကျအလုပ်ပဲပေါ့၊ ဟုတ်လား"

ရာဇသတ်ကြီးဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သူတို့က သူ၏ဝိညာဉ်ကို ကယ်တင်ကြပေလိမ့်မည်။

"ကျုပ်မသိဘူး၊ ကျုပ် ဒီကိုရောက်တာ နှစ်နှစ်ပဲရှိသေးတယ်။ ဒီအတွင်းမှာတော့ တစ်ယောက်မှ ကုလားထိုင်ပေါ် မတက်ခဲ့ဘူး၊ နေဦး၊ ခရစ်ယာန်ဘုန်းကြီး အဆင်သင့်ဖြစ်မဖြစ် ကျုပ်သွားကြည့်ဦးမယ်"

"မကြည့်ပါနဲ့"

"ကျုပ်ပြန်လာခဲ့မယ်၊ စက်ကြိုးထိပ်တင်သွားမှာ"

"ဒါဖြင့်သွားလေ၊ ခင်ဗျားသဘောပဲပေါ့၊ ကျွန်တော်တောင်းပန်ပါတယ်"

ငြင်းနေ၍ ဘာမျှအကြောင်းထူးမည်မဟုတ်သဖြင့် ရီမို ပြောလိုက်သည်။

□

mgyoe.com

mgyoe.com

# (၂)

လျှပ်စစ်ကုလားထိုင်တွင် ကွပ်မျက်မည့်ညတွင် အကွပ်မျက်ခံရမည့်သူသည် ထောင်မှူးကြီး မက်သယူးဗျွန်ဆင်ထက် ပိုပြီး ညစာကောင်းမွန်စွာ စားသောက်နိုင်ကြောင်း အကျဉ်းထောင်သမိုင်းတွင် ပြောစမှတ်ရှိနေပါသည်။ ယနေ့ညအဖို့လည်း သည်အတိုင်းပင် ဖြစ်သည်။

ထောင်မှူးကြီးသည် ညနေသတင်းစာကို ကြိုးစားပြီးဖတ်နေသည်။ စားပွဲပေါ်ရှိ မတို့မထိရသေးသော မြစ်ကြောင်းအတိုင်း ပင်လယ်ဆိပ်ကမ်းသို့ ဖြည်းလေးစွာ ခုတ်မောင်းသွားနေကြသည်။ သင်္ဘောများမှ အချက်ပြမီးများ လင်းချည်မှိတ်ချည် ရှိနေကြသည်။

လက်မှနာရီကို သူကြည့်လိုက်သည်။ နှစ်ဆယ့်ငါးမိနစ်ပဲ လိုတော့သည်။ နယူးအတ်ညနေသတင်းစာကို သူ ဆက်ပြီးဖတ်သည်။ ရာဇဝတ်မှုများ တိုးပွားနေသည့်အကြောင်း မျက်နှာဖုံးသတင်းစာတွင် သတိပေးဖော်ပြထားသည်။ သူလည်း ဤအတိုင်းပင် ယူဆသည်။ နှစ်စဉ်နှစ်တိုင်းပင် တိုးတက်များပြားနေသည်။ ရာဇဝတ်မှုပြဿနာကို အဖြေရှာ၍ တွေ့ကြပြီမဟုတ်လော။ ရဲတပ်ဖွဲ့ဝင်များအားလုံးကို ကွပ်မျက်ကြတော့မည်မဟုတ်လား။ အချုပ်ခန်းတွင်းရှိ ရီမိုကို သူသတိရမိသည်။

သူ့ကို ဒုက္ခပေးနေသည်မှာ အနံ့တစ်ခုပင်ဖြစ်ကြောင်း သူသတိပြုမိသည်မှာ ကြာပြီ။ စားပွဲပေါ်မှ အမဲသားပြုတ်ကြော်မှ အနံ့မဟုတ်ပါ။ မကြာမီတွင် သူရှူရှိုက်နေရမည့် အနံ့ဖြစ်သည်။ အဘယ်မျှပင် သန့်ရှင်းစင်ကြယ်အောင် လုပ်ထားသည်ဖြစ်စေ၊ အနံ့က ထွက်ပေါ်လာတတ်ပါသည်။ ပန်ကာလေ ထွက်ပေါ်နေသည့်ကြားမှပင် အနံ့ထွက်ပေါ်

mgyoe.com

mgyoe.com

လာပါသည်။ အသားကို မီးလောင်သည့် ဩဘ်စော်ဖြစ်သည်။

တစ်ဆယ့်ခုနစ်နှစ်အတွင်း ဘယ်နှကြိမ် ကြုံခဲ့ရပြီနည်း။ ခုနစ်ကြိမ်၊ ယနေ့ညဆိုလျှင် ရှစ်ကြိမ်။ အကြိမ်တိုင်းကို ဂျွန်ဆင် အမှတ်ရနေသည်။ ဖုန်းဘာဖြစ်လို့ မလာသေးတာလဲ။ လွတ်ငြိမ်းခွင့်ပေးလိုက်တဲ့အကြောင်း ဘာဖြစ်လို့ ဖုန်းမဆက်ရသေးတာလဲ။ ရီမို ဝီလီယံသည် လူဆိုးတစ်ယောက်မဟုတ်ပါ။ ရဲတစ်ယောက်သာ ဖြစ်သည်။

ဂျွန်ဆင် သတင်းစာအတွင်းဘက်ကိုလှန်ပြီး မှုခင်းသတင်းများကို ဖတ်သည်။ လူတစ်ယောက်ကို သတ်မှုဖြင့် ရုံးတင်သည်။ သတင်းအပြည့်အစုံကို သူဆက်ပြီး ဖတ်သည်။ ဂျာဆီမြို့တွင် နီဂရိုးတစ်ယောက်က ဓားနှင့်ထိုးခြင်း ဖြစ်သည်။ အရက်ဆိုင်ရန်ပွဲဖြစ်သည်။ လူသေမှုသို့ ပြောင်းလဲလိုက်သည်။ သေဒဏ် မကျခံရတော့ပါ။ ကောင်းပါ့။

သို့သော် ဝီလီယံမှာမူ ယနေ့ညမှာပင် သေဒဏ် ကျခံရတော့မည်။ ဂျွန်ဆင် ခေါင်းကို ယမ်းခါလိုက်သည်။

နောက်ဆုံးအကြိမ် လျှပ်စစ်ဓာတ်အားပေး ကွပ်မျက်ခဲ့သည်မှာ သုံးနှစ်ကြာချေပြီ။ အခြေအနေတွေ ပြောင်းသွားပြီဟု သူထင်သည်။ သို့သော် ဝီလီယံ၏အမှုကို စစ်ဆေးစီရင်ကြသည်မှာ မြန်ဆန်လှသည်။ သူ၏အယူခံကို ပယ်လိုက်သည်မှာလည်း မြန်ဆန်လှသည်။ ယင်းသို့ဖြင့် ဝီလီယံသည် ယခုအခါ ကြိုးတိုက်ထဲတွင် သေဒဏ်ကို စောင့်စားလျက်ရှိရတော့သည်။

တောက်...။ ဒီအလုပ်ကို သူ ဘာဖြစ်၍များ လုပ်နေရသနည်း။ စားပွဲထောင့်ရှိ ဓာတ်ပုံတစ်ပုံကို သူကြည့်လိုက်သည်။ မေရီနှင့် ကလေးများ။ သူ့အဖို့ အခြား ဘယ်အလုပ်ကများ တစ်နှစ်ကို ဒေါ်လာ ၂၄၀၀၀ ပေးချေမည်နည်း။

လွတ်ငြိမ်းခွင့်ပေးလိုက်သည့်သတင်းကို ဘာဖြစ်၍များ ဖုန်းမဆက်ကြသေးသနည်း။ ဒေါ်လာ ၂၄၀၀၀ အတွက် လူဘယ်နှယောက်ကို သူ မီးကင်ပေးရမည်နည်း။

ဆင်စွယ်ရောင် သီးသန့်တယ်လီဖုန်း မီးလင်းလာသည်။ သူ့တစ်ကိုယ်လုံး ပေါ့ပါးသွားသည်။ တယ်လီဖုန်းကို သူကောက်ယူလိုက်သည်။

"ဂျွန်ဆင်ပါ"

သူ ထူးလိုက်သည်။

"ခင်ဗျားနဲ့ အဆင်သင့်တွေ့တာ အတော်ပဲ"

သူကြားနေကျအသံ ထွက်ပေါ်လာသည်။

အဆင်သင့်မတွေ့ရအောင် မိမိက ဘယ်သွားနေရမည်နည်းဟု ဂျွန်ဆင် တွေးလိုက်

mgyoe.com

mgyoe.com

သည်။

"မင်းကြီးဆီက ဖုန်းလာတာ မင်္ဂလာပဲ၊ တကယ့်ကို မင်္ဂလာပဲ"

"ဒါဆိုရင်တော့ ဝမ်းနည်းပါတယ်၊ လွတ်ငြိမ်းချမ်းသာခွင့် မပေးဘူး၊ ဆိုင်းငံ့ထားဖို့တောင် အမိန့်မရတော့ဘူး"

"အို..."

ဂျွန်ဆင် ရွတ်ဆိုလိုက်သည်။ လက်တစ်ဖက်က သတင်းစာကို ဆုပ်ခြေလိုက်သည်။

"ကျုပ်ဖုန်းဆက်တာ အကူအညီတစ်ခု တောင်းစရာရှိလို့ပဲ မက်"

"ဟုတ်ကဲ့၊ ပြောပါ မင်းကြီး"

တွန့်ကြေနေသော သတင်းစာကို အမှိုက်ခြင်းထဲသို့ ဂျွန်ဆင် တွန်းချလိုက်သည်။

"ခဏနေလို့ရှိရင် ကက်ပူရှင် ခရစ်ယာန်ဘုန်းကြီးတစ်ပါးနဲ့ လူတစ်ယောက်ထောင်ကို ရောက်လာလိမ့်မယ်၊ အခုပဲ ခင်ဗျားဆီကို သူလာနေပြီဖြစ်လိမ့်မယ်၊ သူ့ကို... အဲ... ဘယ်သူ... ကနေ့ည ကွပ်မျက်ခံရမယ့် ဝီလီယံနဲ့ တွေ့ခွင့်ပေးလိုက်ပါ၊ သူနဲ့ပါလာတဲ့လူကိုလည်း ကွပ်မျက်တာကို ဗဟိုခလုတ်ခုံကနေ ကြည့်ခွင့်ပေးလိုက်ပါ"

"ဗဟိုခလုတ်ခုံကနေ ကြည့်လို့ ဘာမှမြင်ရမှာမဟုတ်ဘူး"

"ဘယ်လိုဖြစ်တာလဲ၊ ဘာပဲဖြစ်ဖြစ် သူကြည့်ပါစေ"

"ထောင်ဥပဒေက ခွင့်မပြု..."

"ဒီမှာ မက်၊ ကျုပ်တို့က ကလေးတွေ မဟုတ်ကြတော့ဘူး၊ ဗဟိုခလုတ်ခုံကနေ သူကြည့်ပါစေ"

မင်းကြီးအနေနဲ့ အကူအညီတစ်ခု တောင်းခံနေခြင်း မဟုတ်တော့ပါ။ အမိန့်ပေးနေခြင်းဖြစ်သည်။ ဂျွန်ဆင်၏မျက်လုံးများ မိန်းမနှင့်ကလေးများ၏ ဓာတ်ပုံဆီသို့ ရောက်သွားကြသည်။

"နောက်တစ်ခုရှိသေးတယ်၊ အဲဒီ အကဲခတ်ပုဂ္ဂိုလ်က ဆေးရုံတစ်ခုကပဲ။ သူတို့ကို ဝီလီယံရဲ့ ကိုယ်ခန္ဓာပေးလိုက်ဖို့ အထက်က အမိန့်ပါတယ်၊ ရာဇဝတ်မှုကျူးလွန်စိတ်ကို သုတေသန ပြုကြမလို့ဆိုလားပဲ၊ သူတို့နဲ့အတူ ဆေးရုံကားတစ်စီး ပါလာမယ်၊ ဝီလီယံရဲ့ ကိုယ်ခန္ဓာကို သူတို့ ယူသွားကြမယ်၊ တံခါးမကြီးကို အကြောင်းကြားထားပါ၊ ကျုပ်ဆီက တရားဝင်ခွင့်ပြုစာ သူတို့မှာ ပါလာလိမ့်မယ်"

"ဟုတ်ကဲ့ပါ မင်းကြီး၊ အမိန့်အတိုင်း ကျွန်တော်ဆောင်ရွက်ပါ့မယ်"

"ဟုတ်ပြီ မက်၊ မေရီနဲ့ကလေးတွေ နေကောင်းကြသလား"
mgyoe.com

mgyoe.com



"ကောင်းပါတယ် မင်းကြီး"

"ကျုပ်မေးတယ်လို့ ပြောပါ၊ တစ်ရက်ရက်မှာ ကျုပ်လည်း လာခဲ့ပါဦးမယ်"

"ဟုတ်ကဲ့ပါ မင်းကြီး"

တစ်ဖက်မှ ဖုန်းချသွားသည်။ ဂျွန်ဆင်သည် သူ့လက်မှ စကားပြောခွက်ကို အတန်ကြာကြည့်ပြီးနောက် ပုခက်ပေါ်သို့ ဆောင့်ချလိုက်သည်။

"အလကားဖုန်း..."

ရုံးခန်းအတွင်းသို့ ခြေသံဖွဖွဖြင့် ဝင်ရောက်လာသော သူ၏ အတွင်းရေးမှူးသည် သူ၏ ကျိန်ဆဲမှုကြောင့် ထိတ်လန့်သွားသည်။

"ခရစ်ယာန်ဘုန်းကြီးတစ်ပါးနှင့် လူတစ်ယောက် ရောက်နေတယ်။ သူတို့ကို ခေါ်ခဲ့ရမလား"

သူမက မေးလိုက်သည်။

"မခေါ်ခဲ့နဲ့၊ ခရစ်ယာန်ဘုန်းကြီးကို ထောင်ကျဝိလီယံဆီကို ပို့လိုက်၊ ခရစ်ယာန်ဘုန်းကြီးနဲ့အတူပါလာတဲ့လူကိုလည်း ကွပ်မျက်မယ့် လျှပ်စစ်ခန်းထဲကို ပို့လိုက်၊ သူတို့ကို ကျုပ် မတွေ့ချင်ဘူး"

"ကျွန်မတို့ဆီက ခရစ်ယာန်ဘုန်းကြီး ဘာဖြစ်လို့လဲ ထောင်မှူးကြီး၊ အခုကိစ္စက ထူးဆန်းမနေဘူးလား"

"ထူးဆန်းတာတော့ အကုန်လုံး ထူးဆန်းနေတာပဲ မစ္စစကင်လွန်၊ ကျုပ်ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ"

ထို့နောက် သူသည် ဆုံလည်ကုလားထိုင်ကို လေအေးစက်ဘက်သို့ လှည့်လိုက်သည်။

□

mgyoe.com

mgyoe.com

# (၃)

ရိမိုဝိလီယံ ခုတင်ပေါ်တွင် ပက်လက်လှန်ပြီး မျက်လုံးများကို မှိတ်ထားသည်။ လက်ချောင်းများက သူ၏ဝမ်းဗိုက်ကို တိတ်ဆိတ်စွာ တီးခေါက်နေကြသည်။ သေခြင်းဟူသည် အဘယ်နည်း။ အိပ်ပျော်ခြင်းနှင့် အတူတူပင်လော။ အိပ်ပျော်ခြင်းကို သူနှစ်သက်သည်။ လူတော်တော်များများကလည်း နှစ်သက်ကြသည်။ ယင်းသို့ဆိုလျှင် သေခြင်းကို အဘယ်ကြောင့် ကြောက်ကြသနည်း။

သူ၏မျက်လုံးများကို ဖွင့်လိုက်လျှင် အချုပ်ခန်းကို တွေ့မြင်နေရသည် ဖြစ်သည်။ သို့သော် မျက်လုံးများကို မှိတ်ထား၍ မှောင်နေသောအခါတွင်ကား သူသည် ခေတ္တခဏမျှ လွတ်မြောက်နေပါသည်။ အချုပ်ထောင်ကြီးနှင့် သူ့အား ကွပ်မျက်မည့်လူများ၏လက်မှ လွတ်မြောက်နေပါသည်။ သံတိုင်များနှင့် စူးရဲသောမီးရောင်တို့မှလည်း လွတ်မြောက်နေပါသည်။ အမှောင်သည် ငြိမ်းချမ်းလှပါဘိ။

စကြံလမ်းအတိုင်း လျှောက်လာသော ခြေသံများကို သူကြားရသည်။ ခြေသံများက တဖြည်းထက်တဖြည်း ကျယ်လောင်လာသည်။ ထို့နောက် ခြေသံများ ရပ်သွားသည်။ စကားပြောသံများ ထွက်ပေါ်လာသည်။ သော့တွဲသံ ကြားရသည်။ ထို့နောက် ချောက်ခနဲမြည်ပြီး တံခါးပွင့်သွားသံ ကြားရသည်။ ရိမို မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဝါကြင်ကြင် မီးရောင်တွင် သူ၏မျက်လုံးများ တဖျပ်ဖျပ်ခတ်နေသည်။ အညိုရောင်ဝတ်ရုံကြီးနှင့် ခရစ်ယာန်ဘုန်းကြီးတစ်ပါး တံခါး၏အတွင်းဘက်တွင် ရပ်နေသည်။ ခရစ်ယာန်ဘုန်းကြီးသည် ဘော်ငွေစင် ယေရှုသခင်ပါရှိသော မဟူရာလက်ဝါးကပ်တိုင်ကို လက်ထဲတွင် ဆုပ်ကိုင်ထားသည်။ ခေါင်းဆောင်းအနက်ကြီးက ခရစ်ယာန်ဘုန်းကြီး၏ မျက်လုံးများကို မှောင်ရိပ်ဖုံးလွှမ်းထားသည်။ ခရစ်ယာန်ဘုန်းကြီးသည် ယေရှုလက်ဝါးကပ်တိုင်ကို ညာလက်တွင် ဆုပ်ကိုင်ထားပြီး ဘယ်လက်ကို ဝတ်ရုံအောက်တွင် ထိုးထည့်ထားသည်။

mgyoe.com

mgyoe.com


အစောင့်သည် အချုပ်ခန်းတံခါးပေါက်မှ နောက်သို့ဆုတ်လိုက်ပြီး ရှီမိုကို လှမ်းပြောသည်။

"ခရစ်ယာန်ဘုန်းကြီး ကြွလာပြီ"

ရှီမို ခုတင်ပေါ်တွင် ထိုင်လိုက်သည်။ ခြေထောက်နှစ်ဖက်ကို ရှေ့ဘက်သို့ လွှဲချလိုက်သည်။ သူသည် နံရံကို ကျောပေးလျက်ရှိသည်။ ခရစ်ယာန်ဘုန်းကြီးသည် မလှုပ်မယှက်ပင် ရပ်နေသည်။

"အချိန်ငါးမိနစ်ရပါတယ် အရှင်ဘုရား"

အစောင့်က ပြောလိုက်သည်။

တံခါးကို သော့ခတ်လိုက်သည်။

ခရစ်ယာန်ဘုန်းကြီး ခေါင်းညိတ်သည်။ ရှီမိုက သူ၏နံဘေးရှိ လွတ်နေသောနေရာကို ညွှန်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ခရစ်ယာန်ဘုန်းကြီးက ပြန်လည်မိန့်ကြားသည်။ ထို့နောက် ယေရှုလက်ဝါးကပ်တိုင်ကို စမ်းသပ်ဖန်ပြွန်တစ်ခုအလား လွတ်မကျအောင် သေချာစွာ ဆုပ်ကိုင်လျက် ထိုင်လိုက်သည်။ ခရစ်ယာန်ဘုန်းကြီး၏ မျက်နှာမှာ မာကျောပြီး အတွန့်အရေးများရှိသည်။ ခရစ်ယာန်ဘုန်းကြီး၏ မျက်လုံးပြာများက ရှီမိုကို ကြည့်ရှုနေသည်မှာ ကယ်တင်မည့်အသွင်မျိုးထက် တိုက်ခိုက်သတ်ပုတ်မည့် အသွင်မျိုးကို ဆောင်နေသည်။ ခရစ်ယာန်ဘုန်းကြီး၏ အထက်နှုတ်ခမ်းပေါ်မှ ချွေးစက်များသည် မီးရောင်တွင် တောက်လက်နေကြသည်။

"သင့်အား ကယ်တင်ခြင်းကို အလိုရှိပါသလား ငါ့သား"

ခရစ်ယာန်ဘုန်းကြီးက မေးလိုက်သည်။ ၎င်း၏အသံက လိုအပ်သည်ထက် ပိုမိုကျယ်လောင်နေသည်။

"အလိုရှိပါတယ် ဘုရား"

"ကောင်းလေစွ၊ သင်သည် သံဝေဂတရားကို ဘယ်လိုဆင်ခြင်ရမယ်ဆိုတာ သိပါသလား"

"တပည့်တော် မသိပါဘုရား"

"သင့်ကို ဘုရားသခင် ကူညီစောင့်ရှောက်ပါလိမ့်မယ် ငါ့သား"

"တင်ပါ့ဘုရား"

ရှီမို စိတ်အားထက်သန်မှုမရှိဘဲ လျှောက်ထားလိုက်သည်။ ဤကိစ္စ မြန်မြန်ပြီး

mgyoe.com

mgyoe.com

သွားခဲ့လျှင် သူ့အဖို့ အနည်းဆုံး စီးကရက်တစ်လိပ်သောက်ချိန်တော့ ရနိုင်သေးသည်။

"သင်၏ မကောင်းမှုဒုစရိုက်များသည် အဘယ်နည်း"

"တပည့်တော် မသိကြောင်းပါဘုရား"

"သင်သည် သူတစ်ပါး၏အသက်ကို မသတ်ရဟူသော ဘုရားသခင်၏ ပညတ်တော်ကို အသင် ချိုးဖောက်ခဲ့သည်မဟုတ်လား"

"သည်အတွက် တပည့်တော် အသတ်မခံရပါဘုရား"

"သင့်အနေနှင့် လူဘယ်နှယောက် သတ်ခဲ့သနည်း"

"ဗီယက်နမ်မှာ ဖြစ်ခဲ့တာတွေကိုပါ ထည့်ပြောရမလား"

"ဗီယက်နမ်ကိစ္စကို ထည့်ပြောစရာမလိုပါ"

"ဗီယက်နမ်မှာ ဖြစ်ခဲ့တာတွေဟာ လူသတ်တာမဟုတ်ဘူးလား"

"စစ်ပွဲမှာ လူသတ်တာဟာ ဒုစရိုက်မမည်ပါ ငါ့သား"

"ငြိမ်းချမ်းရေးကို အရှင်ဘုရား ထည့်မပြောဘူးလား"

"သင်၏ယုံကြည်ချက်ကို အသင်ပြောနေတာလား"

"မှန်ပါဘုရား"

"ကောင်းပြီ၊ ဒါဆိုရင်..."

"ထားပါတော့ အရှင်ဘုရား၊ တပည့်တော် ဝန်ခံပါတယ်၊ လူတစ်ယောက်ကို တပည့်တော် သတ်ခဲ့ပါတယ်"

ခရစ်ယာန်ဘုန်းကြီး၏ ခေါင်းဆောင်းအဝတ်သည် အစွန်းအထင်းတစ်ခုမှမရှိဘဲ ပကတိအသစ်ကြီးအတိုင်း ရှိနေသည်ကို ရီမို သတိပြုမိသည်။ ထို့အပြင် ခရစ်ယာန်ဘုန်းကြီး၏ မျက်နှာမှာလည်း ပြုံးနေသည်မဟုတ်လော။

"သူတစ်ပါး၏ ဥစ္စာပစ္စည်းကို လောဘတပ်မက်ခြင်း ရှိခဲ့သလား"

"မရှိပါဘုရား"

"သူတစ်ပါး၏ပစ္စည်းကို ခိုးယူခဲ့သလား"

"မခိုးပါဘုရား"

"ညစ်ညမ်းသော အမှုအကျင့်များကို ပြုမူခဲ့ပါသလား"

"ကာမဂုဏ်အမှုကို ပြောတာလား"

"ဟုတ်ပါတယ် ငါ့သား"

"မှန်ပါ့ဘုရား၊ မနောကံရော၊ ကာယကံရော ကျူးလွန်ခဲ့ပါသည်ဘုရား"

mgyoe.com

mgyoe.com


"ဘယ်နှကြိမ် ကျူးလွန်ခဲ့သနည်း"

ရိုမိုစိတ်ထဲတွင် မှန်းဆပြီး ကြည့်သည်။ ထို့နောက်...

"တပည့်တော် မသိပါဘုရား"

ဘုန်းကြီး ခေါင်းညိတ်လိုက်ပြီး...

"ဒေါသ၊ လောဘ၊ မာန၊ မစ္ဆရိယ၊ တဏှာရာဂ၊ ကျူးလွန်မှုဘာဝ"

"မဟုတ်ဘူး"

ရိုမို အော်လိုက်သည်။ အသံအတော်ကလေး ကျယ်သွားသည်။

ခရစ်ယာန်ဘုန်းကြီးရှေ့သို့ ကုန်းငုံ့လိုက်သည်။ ခရစ်ယာန်ဘုန်းကြီး၏ သွားများတွင် ဆေးလိပ်ခိုးများ စွဲကပ်နေသည်ကို ရိုမို တွေ့လိုက်ရသည်။ မုတ်ဆိတ်ရိတ်ပြီးနောက် လူးရသော အကောင်းစားအမွှေးဆီရနံ့ကလည်း သင်းသင်းကလေး ထုံပျံ့နေသည်။

"သင်ဟာ အလကား လူညာတစ်ယောက်ပဲ"

ခရစ်ယာန်ဘုန်းကြီး တိုးတိုးကလေး ပြောလိုက်သည်။

ရိုမို နောက်ဘက်သို့ လန့်ပြီးခုန်လိုက်သည်။ သူ၏ခြေထောက်များ ကြမ်းပြင်ပေါ်သို့ ရောက်သွားကြသည်။ တစ်ဖက်က တိုက်ခိုက်သည်ကို ခုခံကာကွယ်သည့်အနေမျိုးဖြင့် သူ့လက်များကို လှုပ်ရှားလိုက်သည်။ ခရစ်ယာန်ဘုန်းကြီးသည် ရှေ့သို့ ကုန်းငုံ့လျက်ပင် ရှိသည်။ မလှုပ်မယှက်ဖြစ်သည်။ ၎င်းသည် ယခုအခါ ပြုံးနေသည်။ ခရစ်ယာန်ဘုန်းကြီးက ပြုံးနေသည်။ ခရစ်ယာန်ဘုန်းကြီး ပြုံးနေသည်ကို အစောင့် မမြင်တွေ့နိုင်ပါ။ ခေါင်းဆောင်းအဝတ်က ကွယ်နေသောကြောင့် ဖြစ်သည်။ သို့သော် ရိုမိုကမူ ကောင်းစွာ မြင်တွေ့နေရသည်။ နိုင်ငံတော်အစိုးရက နောက်ဆုံးပိတ်အနေဖြင့် သူ့ကို နောက်ပြောင်လျက်ရှိချေပြီ။ ဆေးလိပ်ခိုးများ စွန်းထင်နေသော ခရစ်ယာန်ဘုန်းကြီးတစ်ပါး။ ပြုံးစိစိလုပ်နေသော ခရစ်ယာန်ဘုန်းကြီးတစ်ပါး။ ရေရွှတ်ကျိန်ဆဲနေသော ခရစ်ယာန်ဘုန်းကြီး တစ်ပါး။

"ရှူး..."

အညိုရောင်ဝတ်ရုံနှင့်လူက တိတ်တိတ်နေရန် သတိပေးလိုက်သည်။

"ခင်ဗျား ခရစ်ယာန်ဘုန်းကြီးမဟုတ်ဘူး"

ရိုမို ပြောလိုက်သည်။

"မင်းကလည်း ဦးစံရှားမဟုတ်ပါဘူး၊ မင်းအသံကို တိုးတိုးပြောပါ၊ မင်းရဲ့ ကိုယ်ခန္ဓာကို ကယ်တင်စေချင်သလား၊ မင်းရဲ့ဝိညာဉ်ကို ကယ်တင်စေချင်သလား"

mgyoe.com

mgyoe.com


ယေရှုလက်ဝါးကပ်တိုင်ကို ရီမို ငေးစိုက်ပြီး ကြည့်နေသည်။ အနက်ရောင် မဟုတ်ရာ လက်ဝါးကပ်တိုင်ပေါ်မှာ အဖြူရောင် ဘော်ငွေစင် အရှင်ယေရှုခရစ် ဖြစ်သည်။ ယေရှု၏ ခြေထောက်တော်တွင် အနက်ရောင် ဘုလုံးကလေးတစ်ခု ရှိသည်။

အနက်ရောင် ဘုလုံးကလေး။

"ဒီမှာ နားထောင်၊ အချိန်သိပ်မရှိဘူး၊ မင်းအသက်ရှင်ပြီး နေချင်သေးသလား"

ဝတ်ရုံနှင့်လူက မေးသည်။

"ဟုတ်ကဲ့၊ နေချင်ပါသေးတယ်"

ထိုစကားလုံးများသည် ရီမို၏ ဝိညာဉ်တွင်းမှ ထွက်ပေါ်လာကြဟန်ရှိသည်။

"ကောင်းပြီ၊ ဒူးထောက်ပြီး ထိုင်လိုက်ပါ"

ရီမို ညင်သာစွာဖြင့် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ကာ ထိုင်ချလိုက်သည်။ ငွေရောင် သံမှိုစွဲထားသော ငွေရောင်ခြေထောက်တော်ကို သူ မော့ကြည့်သည်။ ထိုသူ၏လက်က ယေရှု၏ရင်ကို ဆုပ်ကိုင်ထားသည်။

"ခြေထောက်ကို နမ်းဟန်ဆောင်ပါ၊ ဟုတ်ပြီ၊ ရှေ့ကိုနည်းနည်းတိုးဦး၊ အဲဒီမှာ ဆေးလုံးအနက်လေးရှိတယ်၊ ဆေးလုံးကို သွားနှင့်ကိုက်ပြီးယူလိုက်၊ ဟုတ်ပြီ၊ ဆေးလုံးကို ပေါက်သွားအောင် မကိုက်နှင့်"

ရီမို ပါးစပ်ကိုဟလိုက်ပြီး ငွေရောင်ခြေတော်ရင်းရှိ ဘုလုံးအနက်ကလေးကို သွားဖြင့် ကိုက်လိုက်သည်။ ထိုသူ မတ်တတ်ရပ်လိုက်သဖြင့် ဝတ်ရုံမှာ ကားသွားပြီး အစောင့်များ မမြင်သာအောင် ပိတ်ကွယ်သွားသည်။ ဆေးလုံးကလေးများ ကျွတ်ထွက်လာသည်။ ဆေးလုံးမှာ မာကျောသည်။ ပလတ်စတစ်ဖြင့် ပြုလုပ်ထားဟန်ရှိသည်။

"အပေါ်ခွံ ကွဲမသွားစေနဲ့၊ အပေါ်ခွံ ကွဲမသွားစေနဲ့၊ မင်းပါးစောင်မှာ အသာကလေးငုံထား၊ မင်းခေါင်းကို မလှုပ်နိုင်အောင် သံခမောက်ဆောင်းလိုက်တဲ့အချိန်မှာ ဆေးလုံးကို နာနာကိုက်ပြီး မျိုချလိုက်၊ ဒါထက်စောပြီး မမျိုလိုက်နဲ့၊ ငါပြောတာ ကြားလား"

ထိုလူက ခပ်တိုးတိုးပြောနေသည်။

ရီမိုက ဆေးလုံးကို လျှာပေါ်တွင် တင်ထားလိုက်သည်။ ထိုလူသည် ယခုအခါ မပြုံးတော့ပါ။

ရီမိုက ထိုလူကို စူးစူးရဲရဲ ကြည့်လိုက်သည်။ မိမိဘဝတွင် စဉ်းစားတွေးတောချိန် မရှိတော့သော ကာလတွင် မိမိဘဝအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို အဘယ်ကြောင့် ချမှတ်နေရသနည်း။ ဆေးလုံးကို လျှာဖြင့် တို့ကြည့်လိုက်သည်။

mgyoe.com

mgyoe.com


အဆိပ်လော။ အဆိပ်တော့မဟုတ်ပါ။

ထွေးထုတ်လိုက်ရမည်လော။ ထွေးထုတ်လိုက်လျှင် ဘာဖြစ်သွားမလဲ။

ဘာမျှတော့ ဆုံးရှုံးစရာမရှိပါ။ သူအနိုင်ရနေသည်လည်း မဟုတ်ပါ။ ရီမိုက ဆေးလုံးကို ထည့်ထားလိုက်ပြီး လျှင်မြန်စွာနှင့် လေးနက်စွာ ဆုတောင်းပတ္ထနာပြုလိုက်သည်။

"အချိန်စေ့ပြီ"

အစောင့်၏အသံ ထွက်ပေါ်လာသည်။

"သင့်ကို ဘုရားသခင် စောင့်ရှောက်ပါစေ သား"

ခရစ်ယာန်ဘုန်းကြီးက ကျယ်လောင်စွာ ရေရွတ်လိုက်ပြီး ယေရှုပုံတော်ဖြင့် လက်ဝါးကပ်တိုင်သင်္ကေတာန် ပြုလုပ်လိုက်သည်။ ထို့နောက် လေသံတိုးတိုးဖြင့်...

"နောက်မှ တွေ့ကြဦးမယ်"

ထို့နောက် ခရစ်ယာန်ဘုန်းကြီးသည် ဦးခေါင်းကိုငုံ့ကာ အချုပ်ခန်းအတွင်းမှ ထွက်သွားသည်။ ၎င်း၏ လက်ယာဘက်လက်က ယေရှုလက်ဝါးကပ်တိုင်ကို ဆုပ်ကိုင်ထားသည်။ ၎င်း၏ လက်ဝဲဘက်လက်က သံမဏိရောင် လက်နေသည်။

သံမဏိ။

လက်တုအဖြစ် တပ်ဆင်ထားသော ချိတ်ကောက်တစ်ခု ဖြစ်သည်။

ရီမိုသည် သံခုတင်ကို ညာဘက်ဖြင့်ကိုင်ပြီး မတ်တတ်ထရပ်လိုက်သည်။ ပါးစပ်ထဲတွင် တံတွေးတွေ ပြည့်လာသည်။ တံတွေးတွေ မျိုချချင်စိတ် ပြင်းထန်လာသည်။ ဆေးလုံးကို ဖိထား၊ လျှာအောက်မှာ ဖိထား၊ ဟုတ်ပြီ၊ တံတွေးကို သတိထားမျိုချ။

"ကဲ... ရီမို၊ သွားကြစို့၊ အချိန်ကျပြီ"

အစောင့်က ပြောလိုက်သည်။

အချုပ်ခန်းတံခါး ပွင့်သွားသည်။ တံခါး၏ တစ်ဖက်တစ်ချက်တွင် အစောင့်တစ်ယောက်စီ ရပ်နေကြသည်။ အသားဖြူဖြူ လူကြီးတစ်ယောက်နှင့် ဝတ္တရားဆောင်ရွက်နေကျဖြစ်သော ထောင်ခရစ်ယာန်ဘုန်းကြီးတို့သည်လည်း သူ့ကို စောင့်ဆိုင်းလျက် ရှိကြသည်။ ယေရှုလက်ဝါးကပ်တိုင်နှင့် ခရစ်ယာန်ဘုန်းကြီး မရှိတော့ပြီ။ ရီမို အထူးသတိထားပြီး တံတွေးတစ်ကြိမ် မျိုလိုက်ပြီးနောက် ဆေးလုံးကို လျှာဖြင့်ဖိကာ ၎င်းတို့ထံသို့ လျှောက်သွားသည်။

❒

mgyoe.com

mgyoe.com

# (၄)

ဟာရီးဟိုင်း ဘဝင်မကျပါ။ ခုနစ်နှစ်အတွင်း လေးဦးကွပ်မျက်ခဲ့ပြီး ဖြစ်သည်။ ယခုကျမှ ဘာမပြော ညာမပြောနှင့် ဗြုန်းစားကြီးဆိုသလိုပင် ပြည်နယ်အစိုးရက လျှပ်စစ်ခုံကြီးကိုပြင်ရန် လျှပ်စစ်အင်ဂျင်နီယာများ စေလွှတ်လိုက်သည်။

"ပုံမှန် စစ်ဆေးရေးလုပ်ဖို့ပါ၊ ဒီစက်ခလုတ်ခုံကြီးကို မသုံးတာ သုံးနှစ်ရှိသွားပြီ မဟုတ်လား၊ အခြေအနေကောင်းမကောင်း ကျုပ်တို့ စစ်ဆေးကြည့်ကြမှာပဲ"

လျှပ်စစ်အင်ဂျင်နီယာများက ပြောသည်။

ယင်းသို့ဖြင့် လျှပ်စစ်ခလုတ်ခုံကြီးသည် ယခုအခါတွင် အချိုးမကျချင်သလို ရှိနေသည်။ ဟိုင်းသည် ဓာတ်အားခလုတ်ကို ဖွင့်ရင်း လူတစ်ရပ်လောက်မြင့်သော ခလုတ်ခုံကို လှမ်းမော့ပြီး ကြည့်လိုက်သည်။ ထို့နောက် စက်ခလုတ်ခန်းနှင့် ကုလားထိုင်ခန်းကို ခြားထားသော မှန်ချပ်ကြီးကို တစ်ချက် စွေစောင်းပြီး ကြည့်လိုက်သည်။

ဂျင်နရေတာများ အရှိန်ကုန် မြည်ဟည်းလည်ပတ်လာကြသည်။ လျှပ်စစ်ဓာတ်အားများ ကုလားထိုင်ခန်းအတွင်းသို့ စီးဝင်သွားသောအခါ အဝါရောင်မီးလုံးများ အနည်းငယ် မှိန်ဖျော့သွားကြသည်။

ဟိုင်း ခေါင်းယမ်းခါလိုက်ပြီး ဓာတ်အားခလုတ်ကို ပြန်လျှော့ချလိုက်သည်။ သည်တော့မှ ဂျင်နရေတာများ၏အသံ တိုးကျသွားသည်။ သို့သော် အသံက တစ်မျိုးကြီးပင် ဖြစ်နေသည်။ ယခု ကွပ်မျက်မှုတွင် အားလုံးကပင် တစ်မျိုးကြီးများ ဖြစ်နေကြသည်။ သုံးနှစ်လုံးလုံး မသုံးဘဲ ထားခဲ့ခြင်းကြောင့်လော။

mgyoe.com

mgyoe.com


ဟိုင်းက သူ၏ မီးခိုးရောင်ယူနီဖောင်းကို နေသားကျအောင် ပြင်ဆင်လိုက်သည်။ ယခု သေဒဏ်ကျခံရမည့်သူက ပုလိပ်တစ်ယောက် ဖြစ်သည်။ ဝီလီယံဆိုသူက ပုလိပ်တစ်ယောက်ဖြစ်သည်။ အဲဒီတော့ ဘာဖြစ်သနည်း။

ဟိုင်းသည် သူ၏ ကုလားထိုင်ပေါ်တွင် လူလေးယောက်ကို ကွပ်မျက်ခဲ့ပြီး ဖြစ်သည်။ ဝီလီယံက ပဉ္စမမြောက် ဖြစ်သည်။ သူသည် ကုလားထိုင်တွင် တည်ငြိမ်စွာထိုင်ပြီး စကားတစ်လုံးမျှမပြောဘဲ အနည်းငယ်မျှ မလှုပ်ရှားဘဲ ပတ်ဝန်းကျင်ကို ကြည့်သည်။ သတ္တိကောင်းသူများသာ ဤသို့ ပြုမူသည်။ မျက်လုံးဖွင့်ကြည့်ရမှာ မကြောက်သူများသာ ဤသို့ပြုမူသည်။

ဟာရီးဟိုင်းက သူ့ကို ခေတ္တမျှ စောင့်စားနေစေပါသည်။ ထောင်မှူးကြီးက စက်ခလုတ်ခန်းဆီသို့ အမျက်ဒေါသဖြင့် လှမ်းကြည့်သော အချိန်အထိ သူက ဗို့အားများကို မတင်ဘဲ ထားပါမည်။ သည့်နောက်တွင်မှ သူက ဝီလီယံကို ကွပ်မျက်ခြင်းဖြင့် ကူညီစောင်မလိုက်ပါမည်။

"ဘာအဆင်မပြေလို့လဲ"

အသံတစ်သံ ထွက်ပေါ်လာသည်။

ဟိုင်းသည် လူမိခံရသူတစ်ဦးပမာ ချာခနဲ လှည့်ကြည့်လိုက်သည်။

အရပ်ပုပု၊ ဆံပင်နက်နက်၊ ဝတ်စုံနက်နက်နှင့် လူတစ်ယောက်။ မီးခိုးရောင် လက်ကိုင်သေတ္တာငယ်တစ်လုံးကိုကိုင်ပြီး ခလုတ်ခုံအနီးတွင် ရပ်နေသည်။

"ဘာအဆင်မပြေလို့လဲ၊ ခင်ဗျားကိုကြည့်ရတာ တစ်ခုခု စိုးရိမ်နေသလိုပဲ၊ မျက်နှာကြီးနီနေတယ်"

ထိုလူက တိုးညင်းစွာ ထပ်မေးသည်။

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျားဘယ်သူလဲ၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

ဟိုင်းက ဟောက်လိုက်သည်။

ထိုလူ အနည်းငယ် ပြုံးလိုက်သည်။ သို့သော် ဟိုင်းဟောက်လိုက်သည့်အတွက် အနည်းငယ်မျှ တုန်လှုပ်ချောက်ချားသွားဟန် မရှိပါ။

"ကျွန်တော်လာမယ့်အကြောင်း ထောင်မှူးကြီးရုံးက ခင်ဗျားကို ပြောထားတယ် မဟုတ်လား"

ဟိုင်း လျှင်မြန်စွာ ခေါင်းညိတ်လိုက်ပြီး...

"အင်း... ဟုတ်တယ်၊ ပြောထားတယ်"

mgyoe.com

mgyoe.com


နောက်ဆုံးပိတ်အနေဖြင့် စစ်ဆေးရန် ခလုတ်ခုံဘက်သို့ သူ ပြန်လှည့်လိုက်သည်။

"ခင်ဗျားရပ်နေတဲ့နေရာကဆိုရင် သိပ်မြင်ရမှာမဟုတ်ဘူး၊ မှန်ကန့်လန့်ကာနားကနေ သွားကြည့်ရင် ကောင်းကောင်းမြင်ရမယ်"

ဗို့အားမီတာကို လှမ်းကြည့်ရင်း ဟိုင်းက ပြောသည်။

"ကျေးဇူးပဲ"

ဆံပင်နက်နက်နှင့်လူက ပြန်ပြောသည်။ သို့သော် သူသည် နေရာမှ မရွေ့ပါ။ ဟိုင်းအနေနှင့် ခလုတ်ခုံတွင် အလုပ်များ ရှုပ်နေသည်အထိ သူစောင့်နေသည်။ ပြီးမှ ဂျင်နရေတာခြေရင်းရှိ မှိုပွင့်များကို စစ်ဆေးကြည့်ရှုသည်။ မှိုပွင့်များကို သူရေတွက်သည်။

"တစ် နှစ် သုံး လေး... အင်း ဟုတ်ပြီ"

ထိုသူက သူ့လက်ထဲမှ လက်ကိုင်သေတ္တာကို ခလုတ်ခုံခြေရင်းတွင် ပဌမမှိုပွင့်နှင့် ထိပြီး သေချာစွာ ချထားလိုက်သည်။ ယင်းမှိုပွင့်က အခြားမှိုပွင့်များထက် ပိုပြီး တောက်ပြောင်ပါသည်။ အကြောင်းမှာ ၎င်းသည် သံမဏိမဟုတ်ဘဲ မဂ္ဂနီစီယမ် ဖြစ်သည်။

ထိုလူသည် အမှတ်မထင်ဆိုသလိုပင် အခန်းကိုကြည့်သည်။ ဟိုင်း မျက်နှာကြက်၊ မှန်ကန့်လန့်ကာ၊ ထို့နောက် မရဏကုလားထိုင်ကို ဂရုပြုကြည့်ရှုနေစဉ်တွင် သူ၏ ညာဘက်ခြေထောက်က ပဌမမှိုပွင့်နှင့် ထိကပ်ထားသော လက်ကိုင်သေတ္တာကို တွန်းဖိလိုက်သည်။ လက်ကိုင်သေတ္တာက တစ်လက်မ၏ ရှစ်ပုံတစ်ပုံခန့် ရွေ့သွားသည်။

ထိမြည်သံ သဲ့သဲ့ကလေး ထွက်ပေါ်လာသည်။ ထိုအခါ ထိုလူသည် ခလုတ်ခုံအနီးမှခွာပြီး မှန်ကန့်လန့်ကာဆီသို့ လျှောက်သွားသည်။

ထိုမြည်သံကို ဟိုင်း မကြားပါ။ ခလုတ်ခုံပေါ်မှ ဒိုင်ခွက်များကို သူမော့ကြည့်သည်။

"ခင်ဗျားက ပြည်နယ်က လာတဲ့လူလား"

သူ မေးလိုက်သည်။

"ဟုတ်တယ်"

ထိုလူက ပြန်ပြောသည်။ ထို့နောက် ကုလားထိုင်ကို စိတ်ဝင်စားစွာ ကြည့်ရှုနေဟန်ရှိသည်။

ထိုအချိန်တွင် နှစ်ခန်းကျော်လောက်၌ ဒေါက်တာမာလိုဝီဖီးလစ်သည် ဖန်ခွက်တစ်ခုအတွင်းသို့ ဝီစကီများ လောင်းငှဲ့လျက်ရှိသည်။ ထို့နောက် ဝီစကီပုလင်းကို ဆေးဗီရိုအဖြူထဲတွင် ပြန်ထည့်ထားလိုက်သည်။ စောစောကလေးကပင် တယ်လီဖုန်းကို သူ ပြန်ချထားလိုက်သည်။ ထောင်မှူးကြီးထံမှ ဆက်ခြင်းဖြစ်သည်။ ဝီလီယံ၏အလောင်းကို

mgyoe.com

mgyoe.com


သူ့အနေနှင့် ခွဲစိတ်စစ်ဆေးရန် မလိုတော့ကြောင်း ပြောကြားခြင်းဖြစ်သည်။

"ဝီလီယံမှာ သူများတကာနှင့်မတူတဲ့ ထူးခြားချက်ကလေးတွေ ရှိနေတယ်လို့ ပြောတယ်။ သုတေသနအဖွဲ့တစ်ခုက သူ့အလောင်းကို တောင်းထားတယ်။ ဘာတွေလဲဆိုတာတော့ ကျွန်တော့်ကိုမမေးနဲ့။ ကျွန်တော့်အနေနဲ့ သိလည်းမသိချင်ဘူး၊ တစ်ခုပဲရှိတယ်။ ဒေါက်တာ့အနေနဲ့ ဘယ်လိုမှ ပြဿနာမရှိဘူးလို့ ကျွန်တော်ထင်တယ်"

ပြဿနာ ဘာရှိစရာလိုသလဲ။ ဖီးလစ်သည် သင်းပျံ့သော ဝီစကီရနံ့ကို ရှူရှိုက်ရင်း သူ့ကိုယ်သူ ကျေနပ်နှစ်သက်သောစကားကို ဆိုလိုက်သည်။ သူ့အနေနှင့် ထောင်ဆရာဝန်လုပ်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ခန့် ရှိချေပြီ။ လျှပ်စစ်ဓာတ်အားပေးပြီး ကွပ်မျက်လိုက်သူ တစ်ဆယ့်သုံးဦး၏ အလောင်းကို သူခွဲစိတ်ခဲ့ပြီးပြီ။ သူသိသမျှပြောရလျှင် ဆေးပညာစာအုပ်များက အဘယ်သို့ပင် ဆိုထားစေ၊ ပြည်နယ်အစိုးရက အဘယ်သို့ပင် ပြောထားစေ၊ သူ၏ အသိပညာများနှင့် အတတ်ပညာများက မည်သို့ပင် ပြောထားစေ၊ အဆိုပါလူများကို အဆုံးစီရင်လိုက်သည်မှာ လျှပ်စစ်ကုလားထိုင်က မဟုတ်ပါ၊ ခွဲစိတ်ဓားကသာလျှင် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားက ၎င်းတို့ကို ထုံထိုင်းစေသည်။ မလှုပ်မရှား ဖြစ်စေသည်။ ၎င်းတို့၏ နာဗ်ကြောများကို ဖျက်ဆီးပစ်သည်။ ၎င်းတို့ကို သေတွင်းနှုတ်ခမ်းသို့ ရောက်ရှိစေသည်။ သို့သော် လျှပ်စစ်ဓာတ်အားပေးပြီး မိနစ်ပိုင်းအတွင်းတွင် ပြုလုပ်သော ခွဲစိတ်ခြင်းက ၎င်းတို့ကို အဆုံးတိုင်စေခြင်းသာ ဖြစ်သည်ဟု သူ ယုံကြည်ထားသည်။

၎င်း၏လက်ထဲမှ အရက်ခွက်ကို ဒေါက်တာဖီးလစ် ကြည့်လိုက်သည်။ ဤယုံကြည်မှုသည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကတည်းကပင် စတင်ခဲ့ခြင်း ဖြစ်သည်။ ပထမအကြိမ် ခွဲစိတ်စဉ်တွင် 'သေဆုံးသူ' သည် ၎င်း၏ အသားထဲသို့ ဓားစိုက်လိုက်သည်ဆိုလျှင်ပင် တွန့်ရှုံ့သွားပါသည်။ သည်လိုမျိုး နောက်တစ်ကြိမ် မဖြစ်ပါ။ သည်လိုမျိုး နောက်တစ်ကြိမ် မဖြစ်စေရပါ။ ယင်းသို့ဖြင့် ဓာတ်လမ်းစတင်ခဲ့သည်။ ယင်းအဖြစ်ကို မေ့လျော့သွားစေရန် တစ်ခွက်လောက် သောက်လိုက်ကြရအောင်။

သူ့ခေါင်းထဲတွင် မေးခွန်းတစ်ခု ဝင်နေသည်။ ဝီလီယံတွင် ဘာများ ထူးခြားတာရှိသနည်း။ ၎င်းအား နောက်ဆုံးအကြိမ် စစ်ဆေးကြည့်ရှုရာတွင် ခံနိုင်ရည်အားကောင်းသည်မှအပ အခြား ဘာမျှ ထူးထူးခြားခြား မရှိပါ။ ၎င်းသည် လုံးဝဥဿုံပင် ပုံမှန်ဖြစ်သည်။

သို့သော် ဒေါက်တာဖီးလစ်သည် ဤလို အသေးအဖွဲကလေးများတွင် ခေါင်းခြောက်ခံမနေပါ။ ဆေးဗီရိုကို ဖွင့်လိုက်ပြီး ကမ္ဘာပေါ်တွင် အကောင်းဆုံးဆေးပုလင်းကို

mgyoe.com

mgyoe.com


လှမ်းယူလိုက်သည်။

ဤခရီးသည် တစ်မိုင်မရှိပါ။ ဤခရီးသည် တိုတိုကလေးသာ ဖြစ်သည်။ စကြံလမ်းတစ်ခုလုံးသည် တိုတိုကလေးသာ ဖြစ်သည်။ ရီမိုသည် ထောင်မှူးကြီး၏နောက်မှ လျှောက်နေသည်။ သူ၏ နောက်ဘက်တွင် အစောင့်နှစ်ယောက် လိုက်ပါလာကြောင်း သူ သိရှိနေသည်။ သို့သော် ၎င်းတို့ကို သူလှည့်မကြည့်ပါ။ သူ၏ စိတ်အာရုံက ဆေးလုံးပေါ်တွင် ရောက်ရှိနေသည်။ သူသည် တံတွေးများကို မျိုပြီးရင်း မျိုနေသည်။ ဆေးလုံးကို လျှာအောက်တွင် ဖိထားသည်။ အဘယ်ကြောင့် တံတွေးတွေ ဤမျှ များများထွက်နေရသည်ကို နားမလည်နိုင်ပါ။

သူ၏လျှာမှာ ထုံနေသည်။ ဆေးလုံးနှင့် ထိကပ်နေသည်ကို မသိတော့သလောက်ပင်ဖြစ်သည်။ လျှာအောက်တွင် ဆေးလုံး ရှိပါသေး၏လော။ သေချာအောင် လက်ချောင်းတစ်ချောင်းဖြင့် စမ်းကြည့်၍ မဖြစ်နိုင်ပါ။ သေချာပါ၏။ ဆေးလုံးကို သူထွေးထုတ်လိုက်ပြီလော။ ဆေးလုံးကို နောက်တစ်ကြိမ် သူမြင်တွေ့ရပါဦးမည်လော။ အကယ်၍ တွေ့မြင်ခဲ့လျှင်ကော ဘာလုပ်ရမည်နည်း။ ထောင်မှူးကြီးကိုပြပြီး ဘာလဲဆိုသည်ကို စုံစမ်းခိုင်းရမည်လော။ နယူးအတ်မြို့၏ ဆေးဆိုင်တစ်ဆိုင်တွင် သွားပြရမည်လော။ ပါရီမြို့သို့ လေယာဉ်ပျံဖြင့် သယ်ဆောင်သွားပြီး ထိုမှာ စုံစမ်းစစ်ဆေးရမည်လော။ အင်း... ဒါဆိုရင်မဆိုးဘူး။ ထောင်မှူးကြီး သွားပါစေ။ အစောင့်တွေကရော...။ အစောင့်တွေကိုတော့ သူ ခေါ်သွားလိမ့်မည်။ အစောင့်တွေ ဘယ်နှယောက်နည်း။ သုံးယောက်လား၊ လေးယောက်လား၊ တစ်ရာလား။ သူ့ကို ဆန့်ကျင်နေကြမှာ ပြည်နယ်တစ်ခုလုံးပင် ဖြစ်သည်။

❒

mgyoe.com

mgyoe.com

# (၅)

ရိုမိုသည် ကုလားထိုင်တွင် သူ့ဘာသာသူပင် ထိုင်လိုက်သည်။ သည်လို ထိုင်ရလိမ့်မည်ဟု သူ မတွေးမိခဲ့။ သူ၏ လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ယှက်ထားလိုက်သည်။ သူ့လက်များကို သူ့ဘာသာသူ ရွှေ့လျားလိမ့်မည်မဟုတ်ကြောင်း သူတို့သိခဲ့လျှင် သူ့ကို ကွပ်မျက်ချင်မှ ကွပ်မျက်ကြပေလိမ့်မည်။ သူ ဆီးသွားချင်သည်။ သူ၏ခေါင်းပေါ်တွင် ဇရာမမျက်နှာကြက်ပန်ကာကြီး အသံတိတ်ဆိတ်စွာ လည်နေသည်။

သူ၏ တစ်ဖက်တစ်ချက်တွင် အစောင့်တစ်ယောက်စီရှိပြီး ၎င်းတို့က သူ၏ လက်နှစ်ဖက်ကို ကုလားထိုင်လက်တန်းများပေါ်သို့ တင်လိုက်ကြသည်။ ထို့နောက် သူ၏ လက်များကို ကုလားထိုင်လက်တန်းများတွင် သံပတ်ပြားများဖြင့် ရစ်ပတ်လိုက်ကြသည်။ အံ့ဩစရာကောင်းသည်ကတော့ ရိုမိုသည် ၎င်းတို့ကို ကူညီလုပ်ဆောင်ပေးနေသည့်အလား အစောင့်နှစ်ယောက်ကို အေးဆေးသက်သာစွာ လုပ်ကိုင်စေလျက်ရှိပါသည်။ ထို့နောက် သူ့စိတ်ထဲတွင် အော်ဟစ်ချင်စိတ် ပေါ်ပေါက်လာသည်။ သို့သော် သူမအော်ပါ။ သူ၏ ခြေထောက်များကိုလည်း ကုလားထိုင်ခြေထောက်များတွင် သံပတ်ပြားများနှင့် ရစ်ပတ်စေပါသည်။

ထို့နောက် သူ၏မျက်လုံးများကို မှိတ်ထားလိုက်ပြီး ဆေးလုံးကို လက်ဝဲဘက် အံသွားကြားတွင် ညှပ်ထားလိုက်သည်။ သို့မှသာလျှင် ဆေးလုံးကို ကောင်းစွာ ကိုက်ခွဲနိုင်မည် ဖြစ်သည်။

ဘောလုံးသမားများဆောင်းသော ခမောက်နှင့်ဆင်တူသော သံခမောက်တစ်လုံး

mgyoe.com

mgyoe.com


သူ၏ခေါင်းတွင် အုပ်ဆောင်းသည်ကိုလည်း သူသည် အသာတကြည်ပင် ခံယူလျက်ရှိသည်။ ခမောက်အတွင်းဘက်ရှိ စည်းကြိုးတစ်ခုက သူ၏ခေါင်းကို ကုလားထိုင်နောက်မှီနှင့် ထိကပ်နေစေပါသည်။ ကုလားထိုင်အသားက အေးစက်လှသည်။

ထို့နောက် ရီမိုဝီလီယံသည် ဆေးလုံးကို တအားကိုက်လိုက်သည်။ ကွဲထွက်သွားအောင် ကိုက်လိုက်သည်။ သို့သော် ဆေးလုံးမှာ မကွဲဘဲ အထဲမှ ဆေးရည်များသာ စိမ့်ထွက်လာပါသည်။ ထိုအခါ ရီမိုသည် ဆေးရည်ချွဲချွဲနွေးနွေးများကို တံတွေးများနှင့်ရောပြီး ဆေးလုံးအခွံကို တစ်ပါတည်း မျိုချလိုက်သည်။

ထိုအခါ သူ၏တစ်ကိုယ်လုံး ပူနွေးသွားပြီး အိပ်ချင်မူးတူး ဖြစ်လာပါတော့သည်။ သူ့ကို ၎င်းတို့က ကွပ်မျက်သည့်အတွက် မည်သို့မျှ အကြောင်းမထူးတော့သည့်ပုံစံမျိုးပင်ဖြစ်သည်။ သို့ဖြင့် သူ၏မျက်လုံးများကို ဖွင့်လိုက်သည်။ အခန်းထဲရပ်နေကြသူများကို တွေ့မြင်ရသည်။ ထောင်မှူးကြီးနှင့် အစောင့်များ။ ထို့နောက် ခရစ်ယာန်ဘုန်းကြီးတစ်ပါးဟု ထင်ရသူ။ ခရစ်ယာန်ဘုန်းကြီးကို ကြည့်ရသည်မှာ ခရစ်ယာန်ဘုန်းကြီးနှင့်မတူပါ။ သို့သော် ခရစ်ယာန်ဘုန်းကြီး ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မည်။ ကွပ်မျက်သတ်ဖြတ်သည့်အခါများတွင် ၎င်းတို့ပြုလုပ်နေကျ အစီအစဉ်တစ်မျိုးလည်း ဖြစ်နိုင်ပါသည်။ လူတစ်ယောက်ကို လိုလိုလားလားပင် ချုပ်ငြိမ်းသွားစေရန် ဖြစ်သည်။

"နောက်ဆုံးစကား ဘာများပြောစရာရှိသလဲ"

ထောင်မှူးကြီး၏အသံလော။ ရီမို သူ့ခေါင်းကို လှုပ်ခါကြည့်သည်။ သို့သော် ကုလားထိုင်တွင် သော့ခတ်ထားသဖြင့် အနည်းငယ်မျှပင် မလှုပ်ပါချေ။ သူ့တစ်ကိုယ်လုံးပင် လှုပ်ရှား၍ မရပါချေ။ ဆေးလုံးကြောင့်ပင် ဖြစ်ချေသလော။ ကြိုးပြားများ ပတ်ထား၍ ဖြစ်ချေသလော။ ရတ်ခြည်းဆိုသလိုပင် အဆိုပါမေးခွန်းသည် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေသည်။ သူ့ကို ပူနွေးနူးညံ့သော အမှောင်ထုကြီးက ရစ်ပတ်လျက်ရှိချေသည်။ တစ်နေ့ကျမှ သည်မေးခွန်းအကြောင်းကို စဉ်းစားဦးမည်ဟူ၍ ရီမို ဆုံးဖြတ်လိုက်သည်။ ယခုတော့ သူအိပ်လိုက်ဦးမည်။ မနက်ဖြန်မနက်အထိ အိပ်လိုက်ဦးမည်။

ဟာရီးဟိုင်းသည် မှန်ကန့်လန့်ကာကိုဖြတ်ကာ တစ်ဖက်သို့ကြည့်ရင်း ထောင်မှူးကြီး ဒေါသဖြစ်နေသောအကြည့်ကို စောင့်စားလျက်ရှိသည်။ ဤနေရာသို့ သတင်းထောက်များ လာရောက်ခွင့်မပြုသဖြင့် အခန်းတွင်းရှိ ကုလားထိုင်လေးငါးလုံးတွင် ထိုင်မည့်သူများမရှိကြချေ။ မနက်ဖြန်သတင်းစာများတွင် သည်အကြောင်း တစ်ပိုဒ်နှစ်ပိုဒ်မျှသာ ပါရှိပေမည်။ ထိုအထဲတွင် ဟာရီးဟိုင်း၏အမည် ပါရှိမည်မဟုတ်ပါ။ အကယ်၍သာ သတင်း

mgyoe.com

mgyoe.com


ထောက်တွေ တက်ရောက်ခွင့်ရခဲ့လျှင် ဇရာမသတင်းကြီးတစ်ခု ဖြစ်ပေမည်။ ရေးစရာအများကြီး ဖြစ်ပေမည်။ ဓာတ်အားခလုတ်ကို ဆွဲလိုက်သော ဟာရီးဟိုင်းအကြောင်းလည်း ပါရှိပေမည်။

ထောင်မှူးကြီး မလှုပ်ရှားပါ။ ဝီလီယံရီမိုလည်း မလှုပ်ရှားပါ။ သူ့ကိုကြည့်ရသည်မှာ သက်သောင့်သက်သာပင် ဖြစ်သည်။ သူ သတိမေ့လျော့နေချေသလော။ သူ၏မျက်လုံးများ ပိတ်ထားကြသည်။ သူ၏လက်များ ပျော့အိနေကြသည်။ ငနဲသားတစ်ကိုယ်လုံး အေးစက်နေပြီနှင့်တူသည်။

ကောင်းပြီ။ ဟိုင်း... သူ့ကို လှုပ်နှိုးရမည်။ လျှပ်စစ်ဓာတ်အား တဖြည်းဖြည်းချင်းတက်လာသည်။ နောက်ဆုံးတွင် လုံးဝပင် အားပြည့်သွားတော့သည်။

ဟိုင်းသည် ယခုအခါ အသက်ရှူပြင်းလျက်ရှိသည်။ တဖြည်းဖြည်းချင်း အားပြည့်လာသော လျှပ်စစ်ဓာတ်အားသည် အထွတ်အထိပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထောင်မှူးကြီး ကုလားထိုင်အနီးမှ နောက်သို့ဆုတ်လိုက်ပြီး သူ့ထံသို့ ခေါင်းညိတ်ပြလိုက်သောအခါ သူ၏ ဝင်သက်ထွက်သက်များ ပူနွေးလျက်ရှိကြောင်း ခံစားမိရတော့သည်။ ဟိုင်းသည် ဓာတ်အားခလုတ်နှစ်ခုကို တဖြည်းဖြည်းချင်း တွန်းလှည့်လိုက်သည်။ ဂျင်နရေတာ မြည်ဟည်းသံ ထွက်ပေါ်လာသည်။ ဝီလီယံ၏ကိုယ်ခန္ဓာ အထက်ဘက်သို့ ဆတ်ခနဲဖြစ်သွားသည်။ လျှပ်စစ်ဓာတ်အားခလုတ်များကို တဖြည်းဖြည်းချင်း ပြန်လျှော့လိုက်သည်။ ဂျင်နရေတာအသံများ ပျောက်သွားသည်။ လုပ်ငန်းပြီးစီးပြီ။

အခန်းထဲမှ ဧည့်သည်ထွက်သွားသည်ကို သူသတိပြုလိုက်မိသည်။ လျှပ်စစ်ဓာတ်အား လည်ပတ်မှုများအားလုံး ရပ်တန့်သွားစေရန် ခလုတ်များကို သူဆက်ပြီး ပိတ်နေသည်။ ဧည့်သည်၏ အပြုအမူကို သူ့မကျေနပ်ပါ။ ဂျင်နရေတာများ၏ အသံကိုလည်း သူ့မကျေနပ်ပါ။ မနက်ဖြန်ကျမှ ခလုတ်ခုံကြီးတစ်ခုလုံးကို စစ်ဆေးကြည့်ဦးမည်။ ဘာများအမှားအယွင်းရှိနေသနည်း။

အစောင့်များက ချည်နှောင်ရစ်ပတ်ထားသော ကြိုးပတ်များကို ဖြုတ်လိုက်သောအခါ ဝီလီယံ၏ ကိုယ်ခန္ဓာကြီးသည် ပျော့ခွေပြီး ကျသွားသည်။ ဒေါက်တာဖီးလစ်အခန်းတွင်းသို့ ဝင်လာပြီး ဝီလီယံ၏ရင်ဘတ်ကို နားကြပ်နှင့် စမ်းကြည့်သည်။ သေဆုံးပြီဖြစ်ကြောင်း ကြေညာကာ အခန်းထဲမှ ပြန်ထွက်သွားသည်။

သုတေသနဌာနမှ အမှုထမ်းနှစ်ဦးသည် ဝီလီယံ၏ ကိုယ်ခန္ဓာကို သယ်ဆောင်သွားရန် ထောင်မှူးကြီးဆီမှ ခွင့်ပြုချက်ရရှိသည်။ သို့ဖြင့် ၎င်းတို့သည် ဝီလီယံ၏ အလောင်း

mgyoe.com

mgyoe.com


ကို ညင်သာစွာမပြီး သူနာတင်တွန်းလှည်းပေါ်သို့ တင်လိုက်ကြသည်။ ထို့နောက် ပိတ်ဖြူတစ်စကို အလောင်းပေါ်တွင် လွှမ်းတင်လိုက်ကြသည်။ ဝတ်စုံဖြူများ ဝတ်ဆင်ထားကြသော အမှုထမ်းနှစ်ဦးက တွန်းလှည်းကို ကမန်းကတန်းဆိုသလိုပင် တွန်းယူသွားကြသည်။ အစောင့်နှစ်ဦးက အံ့သြစွာ ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့ကြသည်။

အစောင့်နှစ်ဦးသည် လူနာများနှင့် ကုန်ပစ္စည်းများ အတင်အချပြုလုပ်ရာ တံခါးပေါက်ဆီသို့ အလျင်အမြန်ပင် တွန်းယူသွားကြသည်။

အတင်အချတံခါးပေါက်တွင် သူနာတင်ကားအဖြူအသစ်ကြီးတစ်စီးသည် နောက်ပေါက်တံခါးများကိုဖွင့်ကာ အသင့်စောင့်ဆိုင်းလျက်ရှိသည်။ အမှုထမ်းနှစ်ဦးသည် သူနာတင်တွန်းလှည်းကို ကားပေါ်သို့ မတင်လိုက်ပြီးနောက် ကားတံခါးကို ပိတ်လိုက်သည်။ တံခါး၏ မှန်ကူကွက်များအားလုံးပင် ကန့်လန့်ကာများ ပိတ်ကာထားကြသည်။ ထို့အတူပင် ဘေးနှစ်ဖက်ရှိ ပြတင်းပေါက်များကို အလုံပိတ်ကာထားကြသည်။ ကားတံခါးပိတ်သွားသည်နှင့်တစ်ပြိုင်နက် ကားပေါ်တွင်ထိုင်နေသော ဆံပင်နက်နက်နှင့်လူသည် (ခလုတ်ခုံအတွင်း၌ ဟာရီးဟိုင်း၏အနီးတွင် ရပ်နေခဲ့သူ) ၎င်း၏ပေါင်ပေါ်တွင် ဖုံးလွှမ်းသောစောင်ကို ဖယ်ရှားပစ်လိုက်သည်။

သူ၏ ညာဘက်လက်ထဲတွင် ဆေးထိုးပြွန်တစ်ခု အဆင်သင့်ရှိနေသည်။ သူသည် ဘယ်ဘက်လက်ဖြင့် ကားအမိုးရှိ မီးခလုတ်ကို ဖွင့်လိုက်ပြီး ဝီလီယံ၏ ကိုယ်ခန္ဓာပေါ်သို့ ကုန်းငုံ့ကာ ထောင်အင်္ကျီရင်ဘတ်ကို ဖွင့်လိုက်သည်။ သူသည် ပဥ္စမနံရိုးကို သေချာပွာစမ်းကြည့်ပြီးနောက် ဆေးထိုးအပ်ကို ရီမို၏ နှလုံးဆီသို့ ထိုးစိုက်လိုက်သည်။ ထို့နောက် ဆေးထိုးပြွန်တွန်းတံကို အထူးသတိထားပြီး တဖြည်းဖြည်းချင်းနှင့် မှန်မှန်ထိုးသွင်းနေသည်။ ဆေးထိုးပြွန်အတွင်းရှိ ဆေးရည်များအားလုံး ရီမို၏ကိုယ်ခန္ဓာတွင်းသို့ ရောက်ရှိသွားသည်အထိ ဖြစ်ပါသည်။

ဆေးထိုးအပ်ကို စိုက်သွင်းလိုက်သော လမ်းကြောင်းအတိုင်း အထူးသတိထားပြီး ပြန်နုတ်ယူလိုက်သည်။

ကိုယ်ခန္ဓာအတွင်းမှ အပ်ကျွတ်လာသောအခါ ဆေးထိုးပြွန်ကို ကားထောင့်တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။ ထို့နောက် ကားအမိုးဆီသို့ လက်မြှောက်လိုက်ပြီး ပြွန်တစ်လုံးတွင် တပ်ဆင်ထားသော အောက်ဆီဂျင်မျက်နှာဖုံးကို အောက်ဘက်သို့ ဆွဲယူလိုက်သည်။ အမိုးတွင် တပ်ထားသောနေရာမှ ဖြုတ်ယူလိုက်သည်နှင့်တစ်ပြိုင်နက် အောက်ဆီဂျင်များ တိုးဝင်နေသည့်အသံကို သူ ကြားရသည်။

mgyoe.com

mgyoe.com


ယခုတိုင် ဖြူဖပ်ဖြူရော်ဖြစ်နေသော ဝီလီယံ၏ မျက်နှာပေါ်တွင် မျက်နှာဖုံးကို ဖိတပ်လိုက်ပြီးနောက် သူ့လက်မှနာရီကို ကြည့်နေသည်။ တစ်မိနစ်ခန့် ကြာသောအခါ ရိုမို၏ရင်ဘတ်ကို သူ့နားနှင့်ကပ်ပြီး နားထောင်သည်။ သူ၏နှုတ်ခမ်းများပေါ်တွင် တဖြည်းဖြည်းဆိုသလို အပြုံးရိပ်သန်းလာသည်။

သူ့ကိုယ်ကို ပြန်ဆန့်လိုက်ပြီး မျက်နှာဖုံးကိုဖြုတ်ကာ ကားအမိုးတွင် ပြန်တပ်ထားလိုက်သည်။ ထို့နောက် ကားမောင်းသူ၏ နောက်ဘက်ရှိ ကားမှန်ကို ခေါက်လိုက်သည်။

ကားစက်သံမြည်လာပြီး ရောမဖြူကားကြီး ထိုနေရာမှ ထွက်ခွာသွားတော့သည်။

အကျဉ်းထောင်နှင့် တစ်ဆယ့်ငါးမိုင်ခန့်ဝေးသောနေရာသို့ ရောက်သောအခါ သူနာတင်ယာဉ်သည် လမ်းငယ်တစ်ခုအတွင်းဝယ် ရပ်တန့်သွားသည်။ ယခုအခါ အရပ်ဝတ် အရပ်စားသို့ ပြောင်းလဲဝတ်ဆင်ထားပြီးဖြစ်သော သူနာတင်အမှုထမ်းတစ်ဦးသည် ကားရှေ့ခန်းမှ ဆင်းပြီး ရပ်ထားသော ကားတစ်စီးဆီသို့ လျှောက်သွားသည်။ လက်ဝဲဘက်လက်တွင် သံမဏိချိတ်ကောက်ကို တပ်ဆင်ထားသူတစ်ဦးသည် ထိုကားကိုမှီပြီး စီးကရက်သောက်နေသည်။

ချိတ်ကောက်နှင့်လူက အမှုထမ်းကို ကားသော့ပေးလိုက်ပြီး စီးကရက်ကို လွှင့်ပစ်ကာ သူနာတင်ယာဉ်နောက်ပိုင်းဆီသို့ လျှောက်လာသည်။ ထို့နောက် ကားတံခါးကို ခေါက်လိုက်ပြီး အသံမှန်ဖြင့်...

"မင်္ဂလာရှိပါ"

ကားတံခါးပွင့်သွားသည်။ မင်္ဂလာရှိသည် ရောမကြောင်ကြီးတစ်ကောင်ပမာ အတွင်းသို့ ညင်သာစွာ ခုန်ဝင်သွားသည်။

ဆံပင်နက်နှင့်လူက တံခါးကို ပြန်ပိတ်လိုက်သည်။ မင်္ဂလာရှိမှာ သူနာတင်လှည်းနံဘေးတွင် လျင်မြန်စွာ နေရာယူလိုက်သည်။

"ဘယ့်နှယ်လဲ"

မင်္ဂလာရှိက ဆံပင်နက်နှင့်လူကို မေးလိုက်သည်။

"အောင်နိုင်သူတစ်ဦးပဲ"

"ဒီပွဲမှာ ဘယ်သူမှမနိုင်ဘူး"


mgyoe.com

mgyoe.com

# (၆)

မဏ္ဍလာရီသည် သူနာတင်လှည်းပေါ်မှလူကို အာရုံစိုက်ကာ ကြည့်နေသည်။ ၎င်း၏ရင် နိမ့်ချည်မြင့်ချည်ဖြစ်နေသည်ကိုကြည့်ပြီး ဝမ်းသာနေသည်။

"မီးဖွင့်လိုက်ပါ"

မဏ္ဍလာရီက ပြောလိုက်သည်။

"ဟုတ်ပါ့မလား၊ ကျုပ်ကို မီးမဖွင့်ရဘူးလို့ ပြောထားတယ်"

"ခဏကလေးပါ၊ မီးဖွင့်စမ်းပါ"

မဏ္ဍလာရီက ထပ်ပြောလိုက်သည်။

ဆံပင်နက်နှင့်လူ လက်တစ်ဖက်ကို လှုပ်ရှားလိုက်ရာ ရုတ်ခြည်းဆိုသလိုပင် ကားထဲတွင် မီးရောင်ဝင်းဝင်း လင်းလာသည်။ မဏ္ဍလာရီ မျက်တောင်ခတ်လိုက်ပြီးနောက် လူနာတင်စင်ပေါ်မှလူကို ကြည့်သည်။ မေးရိုးသွယ်သွယ်၊ အသားဖြူဖြူ၊ အမာရွတ်ရေးရေး၊ မျက်ခွံများ ပိတ်ထားသည်။

မဏ္ဍလာရီ မျက်တောင်ခတ်သည်။ မဏ္ဍလာရီ စူးစိုက်ပြီးကြည့်သည်။ သူနာတင်စင်ပေါ်မှလူ အသက်ရှင်ခဲ့လျှင် အလုပ်တွေပိုဖြစ်မည်။ အသက်ရှင်သူတွေ ပိုများလာမည်။ သူတို့နိုင်ငံ အစွန့်ရှည်မည်။ သည်မျက်ခွံများ ပိတ်ထားသည်ကို အရင်တုန်းကလည်း သူ မြင်ခဲ့ဖူးသည်။

နေရောင်ခြည် ထိုးကျနေခြင်းပင် ဖြစ်သည်။ ချစ်ချစ်တောက်ပူသော ဇီယက်နမ်နေ ဖြစ်သည်။ သူက အရိပ်ကျိုးကျဲသော သစ်ပင်တစ်ပင်ခြေရင်းတွင် အိပ်နေသည်။ ထိုစဉ်

mgyoe.com

mgyoe.com

တုန်းက သူက မရိန်းတပ်သားတစ်ယောက် ဖြစ်သည်။

စစ်ပွဲအခြေအနေမှာ ဘတစ်ပြန်ကျားတစ်ပြန် ဖြစ်သည်။ လအနည်းငယ်ကြာလျှင် သူသည် မိမိတိုင်းပြည်သို့ ပြန်ရမည်ဖြစ်သည်။ သို့သော် ထိုအချိန်ကမူ အထူးတာဝန်တစ်ခု နှင့် ဖြစ်သည်။

အမေရိကန်တပ်များ ထိန်းချုပ်ထားသော ရှေ့တန်းစစ်မျက်နှာအတွင်းရှိ ရွာတစ်ရွာတွင် ဗီယက်ကောင်းဌာနချုပ်တစ်ခု ရှိသည်။ စီအိုင်အေ ရည်မှန်းချက်။ ဇဟိုဆက်သွယ်ရေး ရုံးခန်းသို့ဝင်ရောက်ပြီး မှတ်တမ်းများရယူရန်။ ဆိုင်ဂုံမြို့ရှိ ဗီယက်ကောင်းအမာခံများ စာရင်း။

ဗီယက်ကောင်းများ ဆက်သွယ်ရေးစခန်း ပြုလုပ်ထားသောအိမ်ကို ထုံးစံအတိုင်း ထိုးစစ်ဆင်ပြီး တရွေ့ရွေ့ချင်း ချီတက်တိုက်ခိုက်ခဲ့လျှင် ဗီယက်ကောင်းများက အမာခံများ စာရင်းကို မီးရှို့ပစ်နိုင်သည်။ စီအိုင်အေက ထိုစာရင်းများကို လိုချင်သည်။

မက္ကလာရီ၏ စိတ်ကူးက ထိုအဆောက်အအုံကို မရိန်းတပ်ခွဲတစ်ခုလုံး အတင်း တရကြမ်းတက်ပြီး အသေခံတိုက်ခိုက် သိမ်းပိုက်ရန် ရည်ရွယ်သည်။ ယင်းကဲ့သို့ တရကြမ်း တက်ရောက်တိုက်ခိုက်ခဲ့လျှင် ရန်သူများအနေဖြင့် စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီးရန် အချိန်ရရှိမည် မဟုတ်ချေ။

မရိန်းတပ်ဖွဲ့က မက္ကလာရီကို တပ်ခွဲတစ်ခွဲပေးသည်။ သို့သော် တပ်ခွဲမှူးဗိုလ်ကြီး ထံသို့ မက္ကလာရီ ရောက်ရှိသောအခါ တပ်ခွဲမှူးဗိုလ်ကြီးက မက္ကလာရီကို မရိန်းတပ်သား နှစ်ဦး စောင့်ကြည့်နေသော စက္ကူပုံတစ်ပုံရှိရာသို့ မေးငေါ့ပြသည်။

"ဘာတွေလဲ"

မက္ကလာရီ မေးလိုက်သည်။

"ဗိုလ်မှူးလိုချင်တဲ့ မှတ်တမ်းတွေပဲ"

ဗိုလ်ကြီးက အမှတ်မထင်ပြောသည်။

"ကျုပ်မရောက်ခင်မှာ ဗိုလ်ကြီးတို့ တိုက်ပွဲကို မတိုက်ရဘူး"

"ဗိုလ်မှူး ပါစရာမလိုတော့ဘူး၊ ဗိုလ်မှူးလိုချင်တဲ့ မှတ်တမ်းတွေ ဗိုလ်မှူးယူပြီး ပြန်ရုံပဲ၊ ကျွန်တော်တို့တာဝန်ကို ကျွန်တော်တို့ ထမ်းဆောင်ပြီးပြီ"

မက္ကလာရီ တစ်ခုခုပြောမည်ပြုပြီးမှ စာရွက်ပုံကြီးရှိရာသို့ လျှောက်သွားသည်။ စာရွက်ပုံကို မိနစ်နှစ်ဆယ်ခန့် လှန်လှောမွှေနှောက်မိသောအခါ မက္ကလာရီ၏မျက်နှာတွင် ပြုံးရိပ်သန်းလာသည်။ မရိန်းဗိုလ်ကြီးကို လေးစားသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်

mgyoe.com

mgyoe.com

လေသည်။

"စီအိုင်အေက ကျေးရှူးတင်ကြောင်း အထက်ကို ကျုပ်အစီရင်ခံလိုက်မယ်"

"ဗိုလ်မှူးသဘောပါ"

ဆက်သွယ်ရေးရုံး အဆောက်အအုံဆီသို့ မက္ကလာရီ ကြည့်လိုက်သည်။ အဆောက်အအုံ၏ ရှို့မံထားသော ဝါးထရံများတွင် သေနတ်ကျည်ဆန်များ မတွေ့ရပါ။

"ဗိုလ်ကြီးတို့ ဘယ်လိုလုပ်ပြီးတိုက်သလဲ၊ လုံ့စွပ်ထိုးပြီး တက်သလား"

ဗိုလ်ကြီးက သူ၏သံခမောက်ကို ချွတ်လိုက်ပြီး နားထင်မှ ဆံပင်များကို လက်ယာလက်ဖြင့် ကုတ်ခြစ်ကာ...

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ပါဘူး"

"ဘာကိုဆိုလိုတာလဲ"

"ကျွန်တော်တို့မှာ ရဲဘော်တစ်ယောက်ရှိတယ်၊ ဒီလိုအလုပ်မျိုးတွေကို သူ လုပ်တာပဲ"

"ဘယ်လိုအလုပ်မျိုးတွေလဲ"

"ဆက်သွယ်ရေးရုံးကိစ္စမျိုးတွေပေါ့၊ ဒါမျိုးတွေကို သူလုပ်တာပဲ"

"ဘာပြောတယ်..."

"အဆောက်အအုံထဲကို သူဝင်သွားပြီး အဲဒီထဲမှာရှိတဲ့လူတွေကို သူ ရှင်းပစ်လိုက်တာပဲ၊ ရန်သူစခန်းတွေကို ညဘက်မှာ တစ်ယောက်တည်းဝင်စီးတဲ့အလုပ်မျိုးတွေမှာ သူ့ကို ကျွန်တော်တို့သုံးတာပဲ။ သူကလည်း အဲဒီကိစ္စပြီးမြောက်အောင် ဆောင်ရွက်တာပဲ။ ဒီနည်းက အကျအဆုံးများတဲ့ တိုက်ပွဲနည်းထက် အများကြီးသက်သာတယ်"

"သူက ဘယ်လိုလုပ်တာလဲ"

မက္ကလာရီ မေးလိုက်သည်။

ဗိုလ်ကြီး ပခုံးတွန့်ပြီး...

"ကျွန်တော်မသိဘူး။ ကျွန်တော် သူ့ကို ဘယ်တော့မှ မမေးဘူး၊ သူ့ဘာသာသူ လုပ်တာပဲ"

"သူ့ကို ကွန်ဂရက်ဘွဲ့တံဆိပ် ပေးရမယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှတ်တမ်းတွေကို သူတစ်ယောက်တည်းနဲ့ ရအောင်ယူနိုင်တဲ့အတွက်ပဲ။ သူ ရန်သူ ဘယ်နှယောက်ရှင်းရသလဲ"

mgyoe.com

mgyoe.com


"ငါးယောက်လို့ထင်တာပဲ"

"အဲဒီအတွက် သူ့ကို ဘွဲ့တံဆိပ် ပေးရမှာပဲ"

"ဟုတ်လား"

"ဟုတ်တယ်"

ဗိုလ်ကြီး ပခုံးတွန့်လိုက်ပြီး...

"ဒီအလုပ်မျိုးတွေကို ဝီလီယံ တစ်လျှောက်လုံးလုပ်လာတာပဲ။ ဒီတစ်ကြိမ်ကျမှ ဘယ်လို ထူးခြားနေရသလဲ။ ဒီကိစ္စက သိပ်အရေးကြီးတဲ့ကိစ္စဆိုရင်တော့ သူ တခြားကို ပြောင်းသွားရမှာပဲ။ နောက်ပြီးတော့ သူ့အနေနဲ့ ဘွဲ့တံဆိပ်တွေကို လိုချင်လိမ့်မယ်လို့ မထင်ဘူး"

မရိန်းဗိုလ်ကြီးကို မဏ္ဍလာရီ စူးစိုက်ကြည့်သည်။ မဟုတ်တမ်းတရမ်းတွေ ပြော သည့်သဘောကို ရှာဖွေသည်။ မတွေ့ရှိပါ။

"သူ ဘယ်မှာလဲ"

မဏ္ဍလာရီ မေးလိုက်သည်။

"ဟိုသစ်ပင်အောက်မှာ .."

ဗိုလ်ကြီး မေးငေါ့ပြသည်။

သစ်ပင်ခွကြားတစ်နေရာတွင် အင်္ကျီဝတ်မထားသော ရင်ဘတ်တစ်ခုကို မဏ္ဍလာရီ တွေ့မြင်ရသည်။ မျက်နှာကို သံခမောက် ဖုံးထားသည်။

"ဒီမှတ်တမ်းတွေကို အစောင့်တစ်ယောက် ချထားပါ"

ဗိုလ်ကြီးကို မဏ္ဍလာရီ ပြောဆိုပြီးနောက် သစ်ပင်ဆီသို့ ဖြည်းလေးစွာ လျှောက် သွားကာ အိပ်ပျော်နေသော မရိန်းတပ်သားအနီးတွင် ရပ်လိုက်သည်။

မျက်နှာပေါ်တွင် ဖုံးအုပ်ထားသော သံခမောက်ကို မဏ္ဍလာရီ ချိန်သားကိုက်စွာဖြင့် ကန်လိုက်သည်။ တစ်စုံတစ်ရာ ထိခိုက်နာကျင်ခြင်းမရှိစေရန် ချိန်ဆပြီး ကန်လိုက်ခြင်း ဖြစ်သည်။

မရိန်းတပ်သား မျက်တောင်တဖျပ်ဖျပ်ခတ်ပြီး ပိတ်ထားသော မျက်ခွံများကို ပျင်းရိ လေးတွဲ့စွာ ဖွင့်ကြည့်လိုက်သည်။

"မင်းနာမည် ဘယ်သူလဲ"

မဏ္ဍလာရီ မေးလိုက်သည်။

"ခင်ဗျားကကော... ဘယ်သူလဲ"

mgyoe.com

mgyoe.com


"ဗိုလ်မှူးတစ်ယောက်ပဲ"

မဏ္ဍလာရီ ဖြေလိုက်သည်။ ပခုံးအထက်တွင် ရာထူးတံဆိပ်များ တပ်ဆင်ထားသည်။ မရိန်းတပ်သားက ရာထူးတံဆိပ်များအား ကြည့်လိုက်သည်ကို မဏ္ဍလာရီ တွေ့ရသည်။

"ကျွန်တော့်နာမည် ရီမိုဝီလီယံပါ ဗိုလ်မှူး"

မရိန်းတပ်သားက ဖြေလိုက်ပြီး မတ်တတ်ထရပ်မည်ရှိသည်။

"နေပါ၊ မထပါနဲ့၊ မှတ်တမ်းတွေကို မင်းယူခဲ့တာလား"

"ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော်လုပ်တာ တစ်ခုခုမှားသွားလို့လား"

"မမှားပါဘူး၊ မရိန်းတပ်ကထွက်ပြီး တခြားအလုပ်တစ်ခုခုကို လုပ်ဖို့များ မင်းမှာ စိတ်ကူးရှိသလား"

"မရှိပါဘူး ဗိုလ်မှူး၊ ကျွန်တော့်လုပ်သက်ပြည့်ဖို့ နှစ်လပဲ လိုပါတော့တယ်"

"တပ်ကထွက်ရင် မင်း ဘာလုပ်မလဲ"

"နယူးအတ် ရဲတပ်ဖွဲ့ကို ပြန်မယ်၊ စားပွဲမှာထိုင်ပြီး ဗိုက်ကြီးရွှဲနေမယ်"

"လူကောင်းတစ်ယောက် အလဟဿဖြစ်တာပဲ၊ စီအိုင်အေထဲကိုဝင်ဖို့ စိတ်ကူးခဲ့သလား"

"စိတ်မကူးခဲ့ပါဘူး"

"ဝင်ကော ဝင်ချင်သလား"

"မဝင်ချင်ပါဘူး"

"မင်း စိတ်မပြောင်းတော့ဘူးလား"

"မပြောင်းပါဘူး ဗိုလ်မှူး"

"မင်းပြောတဲ့ နယူးအတ်က နယူးဂျာဆီက မဟုတ်လား၊ အိုဟိုင်ယိုက နယူးအတ် မဟုတ်ပါဘူး"

"မှန်ပါတယ်  ဗိုလ်မှူး"

"ကောင်းတယ်"

"ကျေးဇူးတင်ပါတယ် ဗိုလ်မှူး"

မရိန်းတပ်သားက ယင်းကဲ့သို့ ပြောဆိုပြီးနောက် သံခမောက်ဖြင့် နေရောင်မကွယ်တော့ဘဲ မျက်လုံးများကို မှိတ်ထားလိုက်သည်။

ဤမျက်ခွံများ ပိတ်သွားသည်ကို မဏ္ဍလာရီ နောက်ဆုံးမြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သည်။ စီအိုင်အေအဖွဲ့တွင် မက္ကလာရီ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖြစ်သည်။

ဝီလီယံသည် ဆေးထိုးထားသဖြင့် အေးချမ်းစွာ အိပ်ပျော်လျက်ရှိသည်။

မက္ကလာရီက ဆံပင်နက်နှင့်လူကို ခေါင်းညိတ်ပြလိုက်ပြီး…

"ဟုတ်ပြီ၊ မီးပိတ်လိုက်တော့"

ရုတ်တရက် မည်းမှောင်သွားခြင်းသည် လင်းထိန်နေခြင်းနည်းတူပင် ဘာမျှမမြင်ရပါ။

"အတော်တန်ဖိုးကြီးတဲ့ ငနဲပဲ၊ ခင်ဗျားလုပ်ပုံက တကယ်တော်ပါပေတယ်"

"ကျေးဇူးတင်ပါတယ်"

"ဆေးလိပ်ပါသလား"

"ခင်ဗျားမှာ ဆေးလိပ်ပါတယ်မဟုတ်လား"

"ခင်ဗျားနဲ့ဆိုရင် မပါဘူး"

သူတို့နှစ်ယောက် ရယ်မောလိုက်ကြသည်။ ရီမိုဝီလီယံထံမှ ညည်းညူသံ ထွက်ပေါ်လာသည်။

"အောင်နိုင်သူပဲ"

ဆံပင်နက်နှင့်လူက ပြောလိုက်သည်။

"ဟုတ်တယ်၊ သူ နာစပြုလာပြီ"

မက္ကလာရီ ပြန်ပြောသည်။

သူတို့ ရယ်လိုက်ကြပြန်သည်။

ထို့နောက် မက္ကလာရီသည် စီးကရက်ကို အေးဆေးစွာ ရှိုက်ဖွာလျက်ရှိသည်။ တစ်ကြိမ်ရှိုက်ဖွာလိုက်တိုင်း တစ်ကြိမ်နီရဲလာသော စီးကရက်ကို ငေးကြည့်နေသည်။

ခဏမျှအကြာတွင် သူနာတင်ကားကြီးသည် နယူးဂျာဆီ အဝေးပြေးလမ်းမကြီးပေါ်သို့ ရောက်ရှိသွားသည်။ ကားကြီးသည် အမှောင်ထဲတွင် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လျက်ရှိသည်။ မက္ကလာရီ စီးကရက်ငါးလိပ် ကုန်သွားချိန်တွင် ကားအရှိန်လျော့သွားပြီး ကားမောင်းသူက သူ့နောက်မှ မှန်ကို ခေါက်သည်။

"ဘာဖြစ်လို့လဲ"

မက္ကလာရီ မေးလိုက်သည်။

"ဖိုးကရော့ကို ရောက်တော့မယ်"

mgyoe.com

mgyoe.com


"ဟုတ်ပြီ၊ ဆက်မောင်း"

မက္ကလာရီ အမိန့်ပေးလိုက်သည်။

ခရီးနာရီ မိနစ်တစ်ရာ ပြည့်သွားသောအချိန်တွင် သူနာတင်ကားကြီးသည် ကတ္တရာခင်း လမ်းမကြီးပေါ်မှနေပြီး ကျောက်စရစ်ခင်း လမ်းငယ်တစ်ခုအတွင်းသို့ ချိုးဝင်လိုက်သည်။

ကားရပ်သွားသောအခါ သံမဏိချိတ်ကောက်နှင့်လူ ကားနောက်ပေါက်မှ ခုန်ဆင်းပြီး ပတ်ဝန်းကျင်ကို လျင်မြန်စွာ ကြည့်လိုက်သည်။ တစ်စုံတစ်ယောက်မှ မတွေ့မြင်ရပါ။ ကားရှေ့ဘက်ဆီသို့ ကြည့်လိုက်သည်။ သံတံခါးကြီးတစ်ခုကို တွေ့ရသည်။ ကျောက်တံတိုင်း မြင့်မြင့်ကြီးများ ကာရံထားသော ခြံဝင်းကြီးအတွင်းသို့ ဝင်ရောက်နိုင်သော တစ်ခုတည်းသော ဝင်ပေါက်ဖြစ်သည်။ တံခါးပေါက်ရှိ ကြေးဝါဆိုင်းဘုတ်ကလေးသည် အောက်တိုဘာည လရောင်တွင် တောက်ပြောင်လျက်ရှိသည်။

"ဖိုးကရော့..."

သူနာတင်ယာဉ်အတွင်းမှ ညည်းညူသံ နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။

ကျန်ရစ်ခဲ့သော အကျဉ်းထောင်ကြီးအတွင်းတွင်ကား မည်သည့်အရာ မှားယွင်းကြောင်းကို ဟာရီးဟိုင်းသည် ယခုမှပင် သိရှိရတော့သည်။ ရီမိုဝီလီယံ သေဆုံးချိန်တွင် မီးရောင်များ မှေးမှိန်မသွားခြင်းပင် ဖြစ်သည်။

ထိုအချိန်မှာပင် ရီမိုဝီလီယံ၏ 'အလောင်း' သည် ဖိုးကရော့တံခါးကြီးအတွင်းသို့ ဝင်ရောက်သွားတော့သည်။

❒

mgyoe.com

mgyoe.com

# (၇)

"သူ့ကို လိုအပ်တဲ့ ကုသမှုတွေ လုပ်ပေးနေကြပြီလား"

မှန်အထူကြီးတစ်ချပ် ဖုံးထားသော စားပွဲကြီးတစ်ခု၏ နောက်ဘက်တွင် ထိုင်နေသော မျက်နှာဝါဝါတာတာနှင့်လူက မေးလိုက်သည်။ စားပွဲမှာ အစွန်းအထင်းမရှိ၊ ပကတိ သန့်ရှင်းစင်ကြယ်လျက် ရှိသည်။ ထိုလူ၏ နောက်ဘက်တွင်ကား ကွန်ပျူတာခလုတ်ခုံကြီး တစ်ခုသည် ထိုလူ၏ လက်ချောင်းမှ ထိုးနှိပ်မည်ကို စောင့်စားနေသော စက်ရုပ်ဘဏ္ဍာစိုး ကြီးပမာ ငြိမ်သက်စွာ စောင့်ဆိုင်းလျက်ရှိသည်။ ယင်းခလုတ်ခုံကြီး၏ နောက်ဘက်တွင် ကား အမှောင်ထဲတွင် ငြိမ်သက်တိတ်ဆိတ်စွာရှိနေသော လောင်းအိုင်လန် ရေလက်ကြား ရေပြင်ကျယ်ကြီးကို ပြတင်းပေါက်မှ တွေ့မြင်နေရသည်။

"ဟင့်အင်း၊ ဘာမှလုပ်မပေးဘူး၊ သူ့ကို အအေးမိပြီး သေပစေတော့ဆိုပြီး မြက်ခင်း ပေါ်မှာ ကျုပ် ဒီအတိုင်း ပစ်ထားခဲ့တယ်။ အစိုးရလုပ်ငန်းတစ်ခုကို ကျုပ်တို့ ဒီအတိုင်း နိဂုံးချုပ်ပေးလိုက်တာပဲ"

မက္ကလာရိက ဘုတောလိုက်သည်။

သူသည် စိတ်မောလူမော ဖြစ်ခဲ့ရမှုများကြောင့် မလှုပ်မရှားချင်လောက်အောင်ပင် ခြေကုန်လက်ပန်း ကျနေပါတော့သည်။ သူသည် လေးလလုံးလုံးပင် စိတ်မောလူမော ဖြစ်ခဲ့ရာ နယူးအတ်မြို့လမ်းကြားတစ်နေရာတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်မှအစ နောက်ဆုံး လှုပ်စစ်ဓာတ်အားပေး ကွပ်မျက်သည်အထိပင် ဖြစ်ပါသည်။ သည်အခြေအနေတွင် သည် လုပ်ငန်းကြီးတစ်ခုလုံး၏ အကြီးအကဲဖြစ်သော ဟာရီးစမစ်က ရိမိုဝီလီယံကို ကောင်းမွန်စွာ

mgyoe.com

mgyoe.com


ဆေးကုသပေးခြင်း ရှိ မရှိ မေးမြန်းသောအခါ သူ့မှာ ဒေါသအိုး ပေါက်ကွဲရတော့သည်။

"ဒါလောက်လည်း ကျွဲမြီးမတိုပါနဲ့ မင်္ဂလာရီ၊ ခင်ဗျားတို့ ကျုပ်တို့အားလုံးလည်း စိတ်မောလူမော ဖြစ်ခဲ့ကြရတာပါ၊ အခုအချိန်ထိလည်း တောထဲမှာ မျက်စိလည်နေကြရာ ကနေ မထွက်နိုင်ကြသေးပါဘူး၊ ကျုပ်တို့ရဲ့ ဧည့်သည်အသစ် အလုပ်ဖြစ်မဖြစ်ဆိုတာ တောင် ကျုပ်တို့ မပြောနိုင်ကြသေးပါဘူး၊ သူဟာ ကျုပ်တို့အတွက် တကယ့်နည်းဗျူဟာ အသစ်ကြီးတစ်ခုပဲ"

စမစ်က အေးဆေးစွာ ပြန်ပြောသည်။

စမစ်သည် လူတစ်ယောက် နားလည်ပြီးသား ကိစ္စတစ်ခုကို ထပ်မံနားလည်အောင် ရှင်းပြတတ်သည့် အရည်အချင်းရှိသည်။

သို့သော် မင်္ဂလာရီသည် အရှိန်မပြေသည့်အလျောက် မေးလိုက်ပြန်သည်။

"သူ့ကိုရော... ငါးနှစ်ပဲလို့ ကျုပ်ပြောထားရမလား"

"ဩော်... ဘယ်လိုများလဲ၊ ကျုပ်တို့ ကနေ့ ဘယ်လိုများ ဖြစ်နေကြသလဲ"

စမစ်က ထုံးစံအတိုင်းပင် လေပြည်ဆက်သွေးသည်။ သို့သော် သူပြောလိုက်သည့် စကား စမစ်ကို ထိမှန်သွားကြောင်း မင်္ဂလာရီ သိသည်။

ငါးနှစ်...။ ဤကား မူလအစီအစဉ်ပင် ဖြစ်သည်။ ငါးနှစ်ဆိုလျှင် သူတို့ကိစ္စ ပြီးပြီ။ လွန်ခဲ့သော ငါးနှစ်တုန်းက စမစ်က သူ့ကို သည်အတိုင်းပဲ ပြောခဲ့သည်။ သူတို့နှစ်ယောက် ဗဟိုထောက်လှမ်းရေးအဖွဲ့မှ နုတ်ထွက်ခဲ့ကြစဉ်က ဖြစ်သည်။

စမစ်သည် ထိုစဉ်ကလည်း ယခုအတိုင်းပင် အညိုရောင်ဝတ်စုံနှင့်ပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် အန်နာပိုလီမြို့ အရှေ့ဘက် ဆယ်မိုင်ခန့်အကွာ အတ္တလန္တိတ် သမုဒ္ဒရာထဲတွင် မော်တော်တစ်စင်းဖြင့် ခုတ်မောင်းသွားလာနေရင်း စကားပြောနေကြခြင်း ဖြစ်သည်။

"ငါးနှစ်ဆိုရင် ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ပြည်ဖုံးကား ချပစ်လိုက်မယ်။ ဒါဟာ တိုင်းပြည်အတွက်ပဲ။ အခြေအနေတွေအားလုံး အဆင်ပြေတယ်ဆိုရင် ကျုပ်တို့အဖွဲ့ကြီး ရှိခဲ့တယ်ဆိုတာကို ဘယ်သူမှမသိဘူး။ ကျုပ်တို့အဖွဲ့ကြီးကို ဘယ်အစိုးရကမှ တာဝန်ယူ စရာ မလိုတော့ဘူး။ ဒီလုပ်ငန်းကြီးကို သမ္မတကြီး သဘောတူမတူဆိုတာကို ကျုပ်မသိဘူး။ ကျုပ်ရဲ့အဆက်အသွယ်ဟာ ကျုပ်အထက်က ပုဂ္ဂိုလ်တစ်ယောက်ပဲ။ အဲဒီပုဂ္ဂိုလ်ကို ခင်ဗျား သိစရာမလိုဘူး။ ခင်ဗျားအဆက်အသွယ်က ကျုပ်ပဲ။ တခြား ဘယ်သူနဲ့မှ ခင်ဗျား ဆက် သွယ်စရာမလိုဘူး။ ကျုပ်ကလွဲရင် တခြားဘယ်သူမှ မသိကြဘူး၊ မကြားဘူး၊ မမြင်ဘူး"

mgyoe.com

စမစ်က ရှင်းပြသည်။

"လိုရင်းကို ပြောစမ်းပါ စမစ်တီ"

မက္ကလာရီက ပြောလိုက်သည်။ စမစ် ဤမျှ တုန်လှုပ်ချောက်ချားနေသည်ကို သူ ယခင်က တစ်ကြိမ်မျှ မမြင်တွေ့ခဲ့ဖူးပါ။

"ခင်ဗျားကို ကျုပ် ရွေးချယ်ရတဲ့ အကြောင်းကတော့ ခင်ဗျားဟာ လူ့အဖွဲ့အစည်းကြီးနဲ့ ဘာသံယောဇဉ်မှ မရှိတဲ့အတွက်ပဲ၊ မိန်းမနဲ့ ကွာရှင်းထားတယ်၊ မိသားစုမရှိဘူး၊ နောက်ထပ်အိမ်ထောင်ပြုဖို့လည်း အကြောင်းမရှိဘူး၊ နောက်ပြီးတော့ ခင်ဗျားမှာ အမြင်ကတ်စရာကောင်းတဲ့ အကျင့်ဆိုးကလေးတွေ ရှိတာကလွဲလို့ ခင်ဗျားဟာ အင်မတန်တော်တဲ့ ထောက်လှမ်းရေးသမားတစ်ယောက်ပဲ"

"အဓိပ္ပာယ်မရှိတာတွေ တော်စမ်းပါ၊ ကျုပ်တို့ ဘာလုပ်ကြရမှာလဲ"

စမစ်က လှိုင်းခေါင်းဖြူများကို ကြည့်ရင်း...

"ကျုပ်တို့တိုင်းပြည်ကြီး ဒုက္ခရောက်နေတယ်"

"ဒါများ အဆန်းလား၊ တစ်မျိုးမဟုတ် တစ်မျိုး အမြဲတမ်း ဒုက္ခရောက်နေတာပဲ"

မက္ကလာရီက ပြောလိုက်သည်။

စမစ်က သူ့စကားကို ဂရုမထားဘဲ...

"ရာဇဝတ်မှုတွေကို ကျုပ်တို့ မနှိမ်နင်းနိုင်ဘူး၊ အဲဒါ ရှင်းရှင်းကလေးပဲ၊ လော်ကြီးထိုး ရှီးရှီးသွားနေလို့ကတော့ လူဆိုးတွေနဲ့ လူဆိုးဂိုဏ်းကြီးတွေကို ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ဘူး။ ဥပဒေတွေက မတိုးနိုင်ဘူး ဖြစ်နေတယ်။ လူဆိုးတွေ အနိုင်ရနေတယ်"

"အဲဒီတော့ ကျုပ်တို့က ဘာလုပ်ကြရမှာလဲ"

"အဲဒီတော့ ကျုပ်တို့ အလုပ်ဖြစ်လာတယ် လူဆိုးတွေကို နှိမ်နင်းကြရမယ်။ ကျုပ်တို့သာ မနှိမ်နင်းဘူးဆိုရင်တော့ တိုင်းပြည်ကြီး ရေစုန်မျောပြီပဲ။ ကျုပ်တို့က ဘယ်ပုံစံနဲ့ လုပ်ကြရမလဲဆိုရင်တော့ အာရောဂျံ နာမည်နဲ့ လုပ်ကြရမယ်။ အာရောဂျံဆိုတာက ဖိုးကရော့ဖောင်ဒေးရှင်းက စိတ္တဗေဒ သုတေသနစီမံကိန်းအတွက် ပေးထားတဲ့နာမည်ပဲ။ ကျုပ်တို့က အဲဒီအဖွဲ့အစည်းအမည်ကိုခံပြီး ရာဇဝတ်မှုတွေကို နှိမ်နင်းရမယ်။ အဲဒီနှိမ်နင်းတဲ့နေရာမှာ လော်ကြီးထိုး ရှီးရှီးနည်းတွေကိုမသုံးဘဲ လက်တွေ့ဖြစ်နိုင်တဲ့နည်းတွေကို သုံးရမယ်။ ကြိုးနီစနစ်တွေနဲ့ စာအုပ်ကြီးထဲကနည်းတွေကို ဖယ်ရှားပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခြေမြန်လက်မြန် လုပ်ကြရမယ်။ လိုအပ်လို့ရှိရင် ဥပဒေအပြင်ဘက်က လူဆိုးတွေကို အပြတ်ရှင်းပစ်ရမယ်။ အဲဒါတွေအားလုံး ပြီးတဲ့အခါမှာ ကျုပ်တို့အဖွဲ့ကြီး ဖျက်ပစ်လိုက်မယ်"

mgyoe.com

mgyoe.com


"ဘယ်လိုဖျက်သိမ်းပစ်မှာလဲ။ တစ်ခါတည်း အပျောက်ရှင်းပစ်လိုက်မှာလား"

"အပျောက်ရှင်းတာတွေ မရှိဘူး၊ ကျုပ်တို့နှစ်ယောက်ဟာ တိုင်းပြည်မှာ သိပ်ပြီး အန္တရာယ်ကြီးနေမယ်ဆိုရင် ဒီတိုင်းပြည်မှာ မနေကြတော့ရုံပဲပေါ့"

စမစ်၏ မျက်လုံးများ အရောင်လက်နေသည်ကို မက္ကလာရီ မြင်တွေ့နေရသည်။ စမစ်က သူ့တိုင်းပြည်ကို အင်မတန်ချစ်သည်။ စမစ် ဘာလုပ်မည်ကို သူသိသည်။

"ခင်ဗျားပြောသလို မဖြစ်နိုင်ဘူး စမစ်တီ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ဇာတ်အဖွဲ့ကြီး ဖျက်သိမ်းလိုက်တဲ့အချိန်မှာ ဒီ အာရောဂျံဇာတ်အဖွဲ့ကြီးအကြောင်း သိတဲ့လူအားလုံးကို ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းတစ် ကျွန်းကို ပို့မယ်။ အာရောဂျံကို သိတဲ့လူအားလုံး ဇာတ်သိမ်းကြရမယ်။ ဘာလဲ... သူတို့က ခင်ဗျားနဲ့ကျုပ်ကို ကိုယ်တွေ့မှတ်တမ်းတွေရေးဖို့ အခွင့်အရေးတွေ ပေးလိမ့်မယ်လို့များ ထင်နေသလား၊ ဝေးသေးတယ် စမစ်တီ၊ အဲဒီတော့ ကျုပ်တော့မပါဘူး သူငယ်ချင်း"

စမစ် မျက်နှာထား တင်းသွားပြီး...

"မရတော့ဘူး၊ ခင်ဗျားဟာ အခုကို အဲဒီထဲမှာ ပါနေပြီ"

"မပါပါဘူး"

"ခင်ဗျားကို ကျုပ် ဘယ်နည်းနဲ့မှ ဒီတိုင်းပြည် ပြန်မလွှတ်နိုင်ဘူး"

"ကဲ... ကျုပ်မပြောဘူးလား၊ ခင်ဗျားက ကျုပ်ကို ပြန်မလွှတ်နိုင်သလို ကျုပ်က လည်း ခင်ဗျားကို ဒီမော်တော်က ပစ်ချနိုင်ပါတယ်။ အခုပဲ နှုတ်ပိတ်တဲ့ဇာတ်လမ်းတွေက စနေပြီ၊ ခင်ဗျားက ကျုပ်ကိုရှင်းမယ်၊ ကျုပ်က ခင်ဗျားကိုရှင်းမယ်၊ ဒါနဲ့ ခင်ဗျားကပြော တော့ အပျောက်ရှင်းတဲ့ဇာတ်လမ်းတွေ မပါဘူးဆို"

"အတွင်းပိုင်းကျတဲ့လူတွေ ဆက်ပြီး ရှိနေမှာပဲ၊ လုံခြုံရေးအတွက်ပဲ"

စမစ်က ပြောသည်။ သူ၏လက်သည် ဂျာကင်အင်္ကျီအိတ်ထဲတွင် လှုပ်ရှားလျက် ရှိသည်။

"ငါးနှစ် ဟုတ်လား"

မက္ကလာရီက မေးလိုက်သည်။

"ဟုတ်တယ်၊ ငါးနှစ်ပဲ"

"ကျုပ်စိတ်ထဲမှာတော့ ကျုပ်တို့အရိုးတွေဟာ ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းတစ် ကျွန်းပေါ်မှာ ဖွေးနေမှာပဲလို့ ထင်နေတုန်းပဲ"

mgyoe.com

 mgyoe.com 

"အဲဒါလည်း ဖြစ်နိုင်ပါတယ်၊ ကောင်းပြီ၊ ဒါဆိုရင် အသေအပျောက်တွေ နည်းသွားအောင် ကျုပ်တို့အပိုင်းမှာ လူလျှော့ရအောင်၊ ဒီအကြောင်းတွေကိုသိတာ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်ပဲ ရှိပစေပေါ့။ ကျန်တဲ့လူတွေကတော့ ဘာအတွက်မှန်းမသိဘဲနဲ့ သူတို့ အလုပ်တွေကို သူတို့ လုပ်နေကြပစေပေါ့၊ ဟုတ်ပြီလား"

"ဒါနဲ့တောင် ကျုပ်တို့ဟာ ကာမိကာဇေကို သရော်ခဲ့ကြသေးတယ်"

မက္ကလာရိက ပြောလိုက်သည်။

❐

mgyoe.com

mgyoe.com

# (၈)

ငါးနှစ်ကျော်ခဲ့ပြီဖြစ်သည်။ ရာဇဝတ်မှုနှင့် ရာဇဝတ်မှုကျူးလွန်သောအဖွဲ့များ ဝါရှင်တန်အစိုးရက အဆိုးရွားဆုံး မျှော်မှန်းထားသည်ထက်ပင် ပိုပြီးများလာကာ ပိုပြီး အင်အားတောင့်တင်းလာကြသည်ကို အာရောဂျံက တွေ့ရှိရသည်။

စက်မှုလုပ်ငန်းများ၊ အလုပ်သမားအဖွဲ့များ၊ ပုလိပ်အဖွဲ့များသာမက ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့များကိုပင် မြေအောက်လူဆိုးဂိုဏ်းကြီးများက ခြိမ်းခြောက်လွှမ်းမိုးလာ ကြသည်။ ထိုအခါ အထက်မှ အမိန့်ထွက်လာသည်။

"အာရောဂျံ အကန့်အသတ်မရှိ ဆက်လက်လှုပ်ရှားရမည်"

ဖိုးကရှေ့မှ ထောက်လှမ်းရေးသမား ရာပေါင်းများစွာ မွေးထုတ်ပေးသည်။ ထောက်လှမ်းရေးသမားတစ်ဦးလျှင် အထူးလုပ်ငန်းတစ်ခု ကျွမ်းကျင်တတ်မြောက်သည်။ သို့သော် ယင်းအလုပ်ကို မည်သည့်အတွက်ကြောင့် လုပ်ဆောင်ပေးရမည်ကိုကား ကာယကံရှင်များ မသိရှိကြချေ။ ၎င်းကို တစ်တိုင်းပြည်လုံးရှိ အစိုးရဌာနအသီးသီးတွင် အလုပ်တာဝန်များ ပေးအပ်သည်။ အက်ဖ်ဘီအိုင် ထောက်လှမ်းရေးအဖွဲ့တွင် တာဝန်ထမ်း ဆောင်ကြရသည်။ အခွန်ကောက်ခံသူများ၊ လယ်ယာစစ်ဆေးရေးမှူးများအဖြစ် တာဝန်ယူ ကြရသည်။ ၎င်းတို့သည် သတင်းအချက်အလက်များ အမျိုးမျိုး စုဆောင်းပေးကြရသည်။

သတင်းပေးအဖွဲ့တစ်ခု အထူးဖွဲ့စည်းပြီး အရက်ဆိုင်များ၊ လောင်းကစားဝိုင်းများ၊ ပြည့်တန်ဆာအိမ်များ၊ အမှတ်မထင်ထွက်လာသော သတင်းများကို ရယူကြသည်။ ထောက် လှမ်းရေးသမားများသည် လက်ဖက်ရည်ဖိုးကိုလည်း အလျှံပယ် အသုံးပြုကြသည်။ သို့ဖြင့်

mgyoe.com

mgyoe.com

အရက်ဆိုင်ကြမ်းပိုးများ၊ သူခိုးများ၊ ခါးပိုက်နှိုက်များ၊ ပြည့်တန်ဆာများသည် ၎င်းတို့ဘာသာ မသိရှိဘဲနှင့် အာရောဂျံကို သတင်းပေးသူများ ဖြစ်နေကြသည်။

ကင်းဆက်မြို့မှ မြင်းပွဲဒိုင်တစ်ဦးသည် ၎င်းတို့၏ အတွင်းရေးများကို ပြိုင်ဘက်ဒိုင် တစ်ဦးအား ပေးသည့်အတွက် ဒေါ်လာ ၃၀၀၀၀ ရရှိသည်ဟု ထင်နေသည်။

စန်ဒီဂိုမြို့မှ ဒုစရိုက်သမားတစ်ဦးသည် လမ်းဘေးတယ်လီဖုန်းရုံတစ်ရုံမှနေပြီး တစ်နေရာသို့ ဖုန်းဆက်သည့်အတွက် ပိုက်ဆံတွေ မှန်မှန်ရနေသည်။

ဘော့စတွန်မြို့မှ စာရေးဆရာတစ်ဦးသည် သူ၏ဝတ္ထုတွင် အသုံးပြုရန်အတွက် ဆိုပြီး သူလိုချင်သော အချက်အလက်များအတွက် လက်ဖက်ရည်ဖိုးများ ပေးနေသည်။ အထက်ပါများအားလုံးကို နောက်ပိုင်းမှ ကြိုးကိုင်နေသည်မှာ အာရောဂျံ ဖြစ်သည်။

ဖိုးကရှော့တွင် စာရေးစာချီတွေ တစ်လှေကြီးပင် ဖြစ်သည်။ သို့သော် ၎င်းတို့သည် ပြည်တွင်းအခွန်ဦးစီးဌာနအတွက် အလုပ်လုပ်နေကြရသည်ဟု မှတ်ယူနေကြသည်။ ၎င်းတို့ သည် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များ၊ အခွန်ကောက်ခံမှု အချက်အလက်များကို ရယူစုဆောင်းနေကြရသည်။

ရရှိသော အချက်အလက်များကို ဖိုးကရှော့ မြေအောက်တိုက်ခန်းအတွင်းရှိ ကွန်ပျူတာစက်ကြီးများတွင် ထည့်သွင်းစုဆောင်းထားသည်။

လူတွေမလုပ်နိုင်သော အလုပ်များကို ကွန်ပျူတာများက လုပ်ကြသည်။ အဆက် အစပ်မရှိသော အချက်အလက်များမှ ထွက်ပေါ်လာသော ပုံစံများကို ၎င်းတို့က တွေ့မြင် ကြသည်။ ကွန်ပျူတာစက်များ၏ လည်ပတ်မှုဖြင့် ဖိုးကရှော့ရှိ အုပ်ချုပ်သူအကြီးအကဲများ ၏ မျက်မှောက်တွင် အမေရိကန်နိုင်ငံ ရာဇဝတ်မှုမြင်ကွင်းကျယ်ကြီး ထင်ရှားစွာ ပေါ်လာ သည်။

သို့သော် အာရောဂျံ၏ အောင်မြင်မှုသည် နှေးကွေးလှသည်။ အန္တရာယ်ကြီးမား လောက်အောင်ပင် နှေးကွေးလာသည်။ အာရောဂျံသည် ဒုစရိုက်မှုများကို ချေမှုန်းလျက်ရှိ သော်လည်း တစ်စထက်တစ်စ ကြီးထွားလျက်ရှိသော ဒုစရိုက်မှု ဂိုဏ်းကြီးများကို အပြီး အပိုင် မချေမှုန်းနိုင်ဘဲ ရှိနေသည်။

နေရာဌာနအသီးသီးသို့ ဝင်ရောက်လှုပ်ရှားလျက်ရှိသော ထောက်လှမ်းရေးသမား များသည် အထူးသဖြင့် ဒုစရိုက်မှုများ ကြီးထွားပြီး အင်အားကောင်းနေသော နယူးယောက် မြို့တော်အတွင်း ဝင်ရောက်လျက်ရှိသော ထောက်လှမ်းရေးသမားများသည် သိမ်းငှက်အုပ် ကြီးအတွင်းသို့ ချိုးငှက်ငယ်များ ဝင်ရောက်ရသကဲ့သို့ပင် ရှိတော့သည်။ မက္ကလာ့ရီသည်
mgyoe.com

mgyoe.com


တစ်လတွင် ရက်ပေါင်းသုံးဆယ်ဆိုသလိုပင် စမစ်၏ အပြစ်တင်ခြင်းကို ခံနေရသည်။

"ခင်ဗျားသုံးတဲ့ငွေတွေလည်း မနည်းတော့ဘူး၊ ခင်ဗျားသုံးတဲ့လူတွေလည်း မနည်းတော့ဘူး၊ ခင်ဗျားသုံးတဲ့ပစ္စည်းတွေလည်း မနည်းတော့ဘူး၊ အသံဖမ်းစက်တွေအတွက် ခင်ဗျားသုံးတဲ့ပိုက်ဆံတွေဟာ စစ်တပ်က သေနတ်တွေအတွက် သုံးတဲ့ပိုက်ဆံထက် အများကြီး ပိုနေသေးတယ်။ ဒါပေမဲ့ ခင်ဗျားမွေးထုတ်လိုက်တဲ့လူတွေ ဘာအလုပ်မှ မဖြစ်ကြဘူး"

"ကျုပ်တို့ရဲ့လက်တွေကို ချုပ်ထားကြတယ်၊ ကျုပ်တို့မှာ အင်အားသုံးပိုင်ခွင့် မရှိဘူး"

မက္ကလာရီက ဖြေနေကျအဖြေကို ဖြေသည်။

"ဥရောပမှာ ကျုပ်တို့ဟာ အင်အားမသုံးဘဲနဲ့ ဂျာမန်တွေကို အနိုင်ရခဲ့တယ်။ စီအိုင်အေအနေနဲ့လည်း အင်အားသိပ်မသုံးရဘဲနဲ့ ရုရှားတွေအပေါ် အနိုင်ရခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားက ကြမ်းပိုးသူခိုးတွေကို အင်အားသုံးချင်နေတယ်"

"ကျုပ်တို့ရင်ဆိုင်နေရတာ ကြမ်းပိုးသူခိုးတွေ မဟုတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်။ နောက်ပြီးတော့ ဥရောပမှာ ဂျာမန်တွေတိုက်တဲ့အခါ ကျုပ်တို့နောက်မှာ စစ်တပ်ကြီးတွေ ရှိနေတယ်။ ရုရှားတွေကို တိုက်တဲ့နေရာမှာလည်း ကာကွယ်ရေးဌာနကြီးတစ်ခုလုံး အဆင်သင့်ရှိနေတယ်။ အခု ကျုပ်တို့လက်ထဲမှာ ရှိသမျှကို ပြောရရင် ကွန်ပျူတာတွေပဲ"

စမစ် ခါးကိုဆန့်လိုက်ပြီး ပြန်ပြောလေ့ရှိသည်မှာ...

"ကျုပ်တို့လက်ထဲမှာ လူတော်လူကောင်းတွေရှိနေရင် ကွန်ပျူတာတွေဟာ အများကြီး အသုံးဝင်မယ်။ သူတို့အလုပ်ကို ကောင်းကောင်းလုပ်တတ်မယ့်လူတွေကို ခင်ဗျားအနေနဲ့ ရအောင်ရှာဖို့ပဲ"

ထို့နောက် သူသည် ကွန်ပျူတာတွေနှင့် မလုံလောက်ကြောင်းကို အထက်သို့ အစီရင်ခံပေလိမ့်မည်။

□

mgyoe.com

mgyoe.com

# (၉)

ငါးနှစ်လုံးလုံးဆိုသလိုပင် သူတို့၏ လုပ်နည်းကိုင်နည်းများသည် တစ်ပုံစံတည်းပင် ဖြစ်ခဲ့ကြသည်။ သို့သော် တစ်ခုသော နွေဦးနံနက်ခင်း လင်းအားကြီး နှစ်နာရီလောက်တွင်ကား မင်္ဂလာရီတစ်ယောက် ဒုတိယမြောက်ဝီစကီပုလင်းနှင့် အိပ်ပျော်ရန် ကြိုးစားနေစဉ် သူ၏အိပ်ခန်းတံခါးကို စမစ်က ခေါက်လာသည်။

"ဟော့... ဘယ်သူပဲဖြစ်ဖြစ် မဝင်ခဲ့နဲ့"

မင်္ဂလာရီ ဟောက်လိုက်သည်။

တဖြည်းဖြည်းချင်း တံခါးပွင့်သွားပြီး လက်တစ်ဖက်ဝင်ရောက်လာကာ မီးခလုတ်ကို ဖွင့်လိုက်သည်။

မင်္ဂလာရီသည် ဇရာမ ခရမ်းရောင်ခေါင်းအုံးကြီးတစ်လုံးပေါ်တွင် ဘောင်းဘီတိုကလေးနှင့် ထိုင်နေသည်။ ဝီစကီပုလင်းက သူ၏ပေါင်ကြားထဲတွင် ဖြစ်သည်။

"သြော်... ခင်ဗျားကိုး"

မင်္ဂလာရီက စမစ်ကို ပြောလိုက်သည်။

စမစ်သည် နေ့လယ်နေ့ခင်းတွင် ဝတ်ဆင်သည့်အတိုင်း ရှပ်အင်္ကျီအဖြူ၊ လည်စည်းအစင်း၊ မီးခိုးရောင်ဝတ်စုံနှင့် ဖြစ်သည်။

"နေပါဦး စမစ်တီ၊ ခင်ဗျားမှာ မီးခိုးရောင်ဝတ်စုံ ဘယ်နှစုံရှိသလဲ"

"ခုနစ်စုံ၊ မူးနေသလား၊ အရေးကြီးတယ်"

"ခင်ဗျားအဖို့တော့ ဘာမဆို အရေးကြီးနေတာပဲ၊ စက္ကူညှပ်တဲ့ ကလစ်တွေလည်း အရေးကြီးတာပဲ၊ မင်ခံစက္ကူတွေလည်း အရေးကြီးတာပဲ၊ ညနေစာ အကြွင်းအကျန်တွေလည်း အရေးကြီးတာပဲ"

စမစ်က အခန်းတွင်းရှိ မပေါ့တပေါ်ပုံများ၊ လူတစ်ရပ်ကျော်ကျော်ရှိသော အရက်

mgyoe.com

mgyoe.com


ဗီရိုနှင့် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ခေါင်းအုံးများနှင့် မက္ကလာရီဝတ်ဆင်ထားသော ဘောင်းဘီတိုတို့ကို ကြည့်လိုက်သည်။ ထို့နောက်...

"ခင်ဗျားသိတဲ့အတိုင်းပဲ၊ နယူးယောက်မှာ ပြဿနာတွေ အများကြီးတက်နေတယ်၊ ကျုပ်တို့လူ ခုနစ်ယောက်ပျောက်သွားပြီ၊ တစ်ယောက်မှ အလောင်းပြန်မရဘူး၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ မက်စဝဲဆိုတဲ့လူနဲ့ ပတ်သက်ပြီးတော့ ကျုပ်တို့မှာ ပြဿနာအများကြီး တက်နေတယ်၊ သူနဲ့ပတ်သက်ပြီး ဘာအဆက်အသွယ်တစ်ခုမှ မရဘူး"

"ဟုတ်လား၊ စိတ်ဝင်စားစရာပဲ၊ ဒီလူတွေ ဘာများ ဖြစ်ကုန်ကြပြီလဲ။ သူတို့ကို မတွေ့ရတာ အံ့သြစရာပဲ"

"ကျုပ်တို့အနေနဲ့ နယူးယောက်ကို နောက်ထပ်လူသစ်တစ်ယောက် မလွှတ်နိုင်မချင်း အသာငြိမ်နေကြရဦးမယ်"

"နောက်ထပ် စတေးကြဦးမယ်ပေါ့"

"ဒီတစ်ခါတော့ စတေးစရာအကြောင်း မရှိတော့ဘူး"

အခန်းတံခါးကို စမစ် ပိတ်လိုက်ပြီး ဆက်ပြောသည်။

"ကျုပ်တို့ကို အထက်က ခွင့်ပြုချက်ပေးလိုက်ပြီ။ အင်အားကို လိုသလို သုံးခွင့်ပြုလိုက်ပြီ၊ အမဲသတ်လိုင်စင်ပဲပေါ့"

မက္ကလာရီ ခါးဆန့်ပြီး ထိုင်လိုက်သည်။ အရက်ပုလင်းကို ဘေးမှာ ချထားလိုက်သည်။

"အချိန်မီပဲ၊ လူငါးယောက်လိုတယ်၊ လူငါးယောက်ရရင် တော်ပြီ၊ ပထမဆုံး ခင်ဗျားရဲ့ မက်စဝဲကို ပြန်ရအောင်လုပ်မယ်၊ ပြီးရင် တိုင်းပြည်ကြီး တစ်ခုလုံးပေါ့"

"လူတစ်ယောက်ပဲ သုံးရမယ်၊ သူ့ကို ခင်ဗျား ဒီအပတ်ထဲမှာ ရအောင်ရှာပြီး ရက်ပေါင်း သုံးဆယ်အတွင်းမှာ ပြီးအောင် လေ့ကျင့်ပေးရမယ်"

"ခင်ဗျား ရူးနေသလား"

မက္ကလာရီ ခေါင်းအုံးပေါ်တွင် ထိုင်နေရာမှ ခုန်ပြီးထလိုက်သည်။ ထို့နောက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်း...

"ခင်ဗျား ကောင်းကောင်းကြီးကို ရူးနေပြီ၊ တစ်ယောက်တည်း ဟုတ်လား"

"ဟုတ်တယ်"

"ဒီလိုအချက်မျိုးကို ခင်ဗျား ဘယ်လိုလုပ်ပြီး သဘောတူညီချက်ရသလဲ"

"အရင်က ဘာဖြစ်လို့ ဒီလိုအကြမ်းနည်းပုံစံမျိုးနဲ့ ကျုပ်တို့ လှုပ်ရှားခွင့်မရခဲ့ဘူးဆို

mgyoe.com

mgyoe.com

တာ ခင်ဗျားလည်းအသိပဲ၊ အထက်က ကြောက်နေလို့ပဲ၊ အခုလည်း သူတို့ ကြောက်နေကြတုန်းပဲ။ ဒါပေမဲ့ တစ်ယောက်လောက်ဆိုရင်တော့ ဘာမှ အန္တရာယ်မဖြစ်နိုင်ဘူးလို့ သူတို့ယူဆတယ်။ တကယ်လို့ အန္တရာယ်ရှိလာရင်လည်း သူတို့ အလွယ်ကလေး ဖယ်ရှားပစ်နိုင်တယ်"

"သူ့အနေနှင့် ဘာမှ အန္တရာယ်မဖြစ်နိုင်ဘူးဆိုတာကတော့ သိပ်မှန်တာပေါ့။ သူ့အနေနဲ့ ဘာမှ အန္တရာယ်မဖြစ်နိုင်သလို ဘာမှလည်း အကျိုးမရှိနိုင်ဘူး။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး အားလုံးကို ရှင်းပစ်နိုင်မှာလဲ။ တကယ်လို့ သူ တစ်ခုခုဖြစ်ခဲ့ရင်ကော..."

"နောက်တစ်ယောက် ထပ်ရှာပေါ့"

"ခင်ဗျားပြောပုံက ကျုပ်တို့မှာ အရန်တစ်ယောက်တောင် မထားရဘူးဆိုတဲ့သဘောပဲ။ ကျုပ်တို့လူဟာ ဘယ်လိုမှ မသေကျေ မပျက်စီးနိုင်ဘူးလို့ ကျုပ်တို့ ယူဆထားသလား"

"ကျုပ်တို့ ဘာမှ ယူဆမထားဘူး"

"ဒီလို အလုပ်မျိုးအတွက် ကျုပ်တို့လိုအပ်တာက လူတစ်ယောက်မဟုတ်ဘူး။ ကပ္ပတိန်မားဗဲလို လူစွမ်းကောင်းတစ်ယောက်ပဲ"

မက္ကလာရီ သရော်လိုက်သည်။ ထို့နောက် သူသည် အရက်ပုလင်းကို ကောက်ယူပြီး နံရံဆီသို့ လွှင့်ပစ်လိုက်သည်။ ပုလင်းသည် တစ်ခုခုကို ထိမှန်သော်လည်း ကွဲကားမကွဲပါချေ။ ထိုအခါ မက္ကလာရီ ပို၍ ဒေါသဖြစ်လာပြီး...

"ဒီမှာ စမစ်တီ၊ လက်ရုံးရည်အကြောင်း ခင်ဗျား ဘာနားလည်သလဲ"

"ဒီမယ် ခင်ဗျားသိသလား၊ လူငါးဆယ်မှာ ကျုပ်တို့လိုချင်တဲ့သူမျိုး တစ်ယောက်မရနိုင်ဘူး။ လူငါးဆယ်မှာမှ တစ်ယောက်ထား၊ အခုဟာက တစ်ယောက်တည်းရှိတဲ့အထဲကနေ တစ်ယောက်တည်းပဲ ရွေးရမယ်"

"အဲဒီတစ်ယောက်ဟာ လူကောင်းတစ်ယောက် ဖြစ်ပစေပေါ့"

စမစ်က တည်ငြိမ်စွာ ပြန်ပြောသည်။

"တယ်ဟုတ်ပါလား၊ သူဟာ ရတနာတစ်ပါး ဖြစ်ရမယ်ပေါ့၊ ဟုတ်လား၊ အဖိုးအနဂ္ဃထိုက်တန်တဲ့ ကျောက်ကောင်းတစ်စေ့ ဖြစ်ရမယ့်ပေါ့... ဟုတ်လား"

"သူ့ကို အကောင်းဆုံး လေ့ကျင့်ပေးနိုင်ဖို့ ခင်ဗျားကို အကောင်းဆုံး အခွင့်အရေးတွေ ပေးထားတယ်။ ပိုက်ဆံကို အကန့်အသတ်မရှိ ခင်ဗျားကြိုက်သလောက် သုံးနိုင်တယ်။ သူ့ကိုသင်ပေးဖို့ သင်တန်းဆရာလေးငါးယောက် ထားနိုင်တယ်"

mgyoe.com

mgyoe.com


"သင်တန်းဆရာ နှစ်ဆယ်လောက် မရှိဘဲနဲ့ မဖြစ်နိုင်ဘူး"

"ရှစ်ယောက်ဗျာ"

"ဆယ့်ငါးယောက်"

"ကိုးယောက်ဗျာ"

"ဆယ့်တစ်ယောက်"

"ကဲ... တစ်ဆယ်ဗျာ"

"ဆယ့်တစ်ယောက်ပဲ"

မင်္ဂလာရီ တင်းထားသည်။

"ကိုယ်ခံပညာတွေ သင်ရမယ်၊ ယာဉ်အမျိုးမျိုး မောင်းတတ်ရမယ်၊ သော့အမျိုးမျိုး ဖွင့်တတ်ရမယ်၊ လက်နက်အမျိုးမျိုးကို ပစ်တတ်ရမယ်၊ လျှို့ဝှက်သင်္ကေတတွေ နားလည် ရမယ်၊ ဘာသာစကားတွေ နားလည်ရမယ်၊ စိတ်ပညာ ကျွမ်းကျင်ရမယ်၊ အဲဒါတွေတတ် အောင် သင်ပေးဖို့ဆိုရင် သင်တန်းဆရာ ဆယ့်တစ်ယောက်ထက်အောက်လို့ မဖြစ်နိုင်ဘူး။ အချိန်ပြည့်သင်ရမယ်၊ အနည်းဆုံး ခြောက်လသင်ရမယ်"

"သင်တန်းဆရာ ဆယ့်တစ်ယောက်နဲ့ သုံးလပဲ"

"ငါးလပေးပါ"

"ကောင်းပြီ၊ ဆယ့်တစ်ယောက်နဲ့ ငါးလ၊ ဒီအလုပ်နဲ့သင့်တော်မယ့် ထောက်လှမ်း ရေးတစ်ယောက် ခင်ဗျားတွေ့ထားတာ ရှိသလား၊ စိတ်ကူးအိုင်အေထဲမှာ ရှိသလား"

"ခင်ဗျားလိုချင်တဲ့ လူစွမ်းကောင်းမျိုးတော့ မရှိဘူး"

"အဲဒီလိုလူမျိုးတစ်ယောက်ရအောင် ဘယ်လောက်ကြာကြာရှာရမလဲ"

"ဘယ်တော့မှမရတာလည်း ဖြစ်နိုင်တယ်၊ သူရဲကောင်းဆိုတာ ကိုယ်က လုပ်ယူလို့ မရနိုင်ဘူး၊ သူတို့ဘာသာသူတို့ အလိုလိုဖြစ်လာကြတာပဲ"

မင်္ဂလာရီက အရက်ဗီရိုကိုဖွင့်ရင်း ပြောသည်။

"အဓိပ္ပာယ်မရှိတာပဲ၊ စာရေးစာချီတွေ၊ ကုန်သည်ပွဲစားတွေက တိုက်ပွဲထဲကနေပြီး သူရဲကောင်း ဖြစ်သွားကြတာပဲ"

"သူရဲကောင်းဖြစ်သွားကြတာ မဟုတ်ဘူး၊ သူရဲကောင်းဖြစ်နေတာကို သူတို့ ဘာသာသူတို့ သိသွားကြတာပဲ။ သူတို့ဟာ နဂိုကတည်းက သူရဲကောင်းတွေပဲ၊ သူရဲကောင်း အဖြစ် ဖော်ပြခွင့်မရလို့ သူတို့ဘာသာသူတို့ မသိကြတာပဲ။ နောက်ပြီးတော့ တကယ့် သူရဲကောင်းတွေဟာ တိုက်ရခိုက်ရတဲ့အလုပ်တွေကို ဝါသနာမပါကြဘူး၊ ရှောင်ကြတယ်။

mgyoe.com

mgyoe.com

တတ်နိုင်သမျှ ရှောင်ကြတယ်၊ သူတို့ဟာ ဓာတ်ဆားရည်သောက်တဲ့ လူတစ်ယောက်လိုပဲ။ သူတို့ဘာသာသူတို့ သိကြတယ်၊ ဓာတ်ဆားရည်ကို တစ်ခါသောက်မိရင် ဘာဖြစ်တယ်ဆိုတာကို သူတို့နားလည်တယ်"

ထို့နောက် မက္ကလာရီသည် ခုတင်ပေါ်တွင်ထိုင်ကာ ပုလင်းအသစ်တစ်လုံးကို ဖွင့်ရင်း စမစ်ကို နှင်သည့်အနေဖြင့်...

"ကောင်းပြီလေ၊ ကျုပ် ကြိုးစားပြီး ရှာပါ့မယ်"

နောက်တစ်နေ့နံနက်တွင် စမစ် ရုံးခန်းထဲတွင်ထိုင်ပြီး အက်စပရိုဆေးပြားနှင့် ဓာတ်ဆားရည်ကို တတိယအကြိမ်အဖြစ် သောက်နေစဉ် မက္ကလာရီ ဝင်ရောက်လာသည်။

"ခင်ဗျား ဘာလိုချင်လို့လဲ"

"ကျုပ်တို့လိုချင်တဲ့လူကို တွေ့ပြီ"

"ဘယ်သူလဲ၊ ဘာလုပ်သလဲ"

"မသိဘူး၊ သူ့ကို ကျုပ် ဗီယက်နမ်မှာ တစ်ခါပဲတွေ့ဖူးတယ်"

"ကောင်းပြီ၊ သူ့ကိုခေါ်၊ ကဲ... ခင်ဗျားသွားတော့"

စမစ်ပြောလိုက်သည်။ ထို့နောက် သူ့ပါးစပ်ထဲသို့ နောက်ထပ် အက်စပရို ခေါင်းကိုက်ပျောက်ဆေးပြားတစ်ပြား ထည့်လိုက်သည်။ ထို့နောက် သူသည် တံခါးပေါက်ဆီသို့ လျှောက်သွားနေသော မက္ကလာရီကို အမှတ်မထင်ဆိုသလို လှမ်းပြောလိုက်သည်။

"ဪ... ပြဿနာတစ်ခုရှိသေးတယ်၊ အထက်ကပေးတဲ့ အမိန့်ကလေးတစ်ခုပဲ၊ ကျုပ်တို့ အသုံးပြုမယ့်လူဟာ ဒီလောကကြီးမှာ တကယ်မရှိရဘူး"

မက္ကလာရီ အထူးပင် တုန်လှုပ်အံ့ဩသွားဟန် ရှိသည်။

ထိုအခါ စမစ်က ထပ်ပြောသည်။

"တကယ်မရှိတဲ့ အဖွဲ့အစည်းကလုပ်တဲ့ တကယ်မရှိတဲ့ လုပ်ငန်းတစ်ခုအတွက် တကယ်မရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်။ ဘယ်သူကမှ ဘာသဲလွန်စမှ မရစေရဘူး၊ ဟုတ်ပြီလား၊ ဘာမေးစရာရှိသေးသလဲ"

မက္ကလာရီ တစ်စုံတစ်ရာ ပြောမည်ပြုပြီးမှ မပြောတော့ဘဲ အခန်းထဲမှ လှည့်ထွက်သွားသည်။

အချိန်လေးလယူရမည်။ ယခုမူ အာရောဂျံသည် တကယ်မရှိသော လူတစ်ယောက်ကို ရရှိလာပေပြီ။ သူသည် ယမန်နေ့ညကပင် လျှပ်စစ်ကုလားထိုင်ပေါ်တွင် သေဆုံးခဲ့ချေပြီ။

□

mgyoe.com

mgyoe.com

# (၁၀)

ရီမို ပထမဆုံး တွေ့မြင်ရသည်မှာ သူ့အား ငုံ့ကြည့်နေသော ခရစ်ယာန်ဘုန်းကြီး၏ မျက်နှာ ပြုံးစိစိကြီး ဖြစ်သည်။ မျက်နှာ၏ အထက်တွင်ကား လင်းနေသော မီးတစ်ပွင့်။ ရီမို မျက်တောင်ခတ်လိုက်သည်။ ခရစ်ယာန်ဘုန်းကြီး၏ မျက်နှာကား ရှိနေဆဲပင်။ သူ့ကို ပြုံးစိစိနှင့် ငုံ့ကြည့်နေဆဲပင်။

"ကျုပ်တို့ကလေးတော့ အခြေအနေကောင်းလာပြီနဲ့တူတယ်"

ခရစ်ယာန်ဘုန်းကြီးမျက်နှာနှင့်လူက ပြောလိုက်သည်။

ရီမို ညည်းလိုက်သည်။ သူ၏ခြေထောက်များနှင့် လက်များသည် နှစ်ပေါင်းတစ်ထောင်ခန့် အိပ်စက်ထားသည့်အလား အေးပြီး လေးနေသည်။ လျှပ်စစ်သံပတ်ပြား တပ်ဆင်ခဲ့သော သူ၏ လက်ကောက်ဝတ်နှင့် ခြေချင်းဝတ်တို့မှာလည်း နာကျင်ပူလောင်လျက်ရှိသည်။ သူ၏ ပါးစပ်မှာလည်း ခြောက်ကပ်နေသည်။ သူ့ရင်ထဲတွင် ပျို့အန်ချင်သလို ဖြစ်နေသည်။ သူ အန်လိုက်သည်ဟုပင် ထင်မိသည်။ သို့သော် ပါးစပ်ထဲမှ ဘာမျှ ထွက်မလာပါ။

နှာခေါင်းထဲတွင် မေ့ဆေးနံ့ရနေသည်။ သူသည် စားပွဲတစ်လုံးနှင့်တူသော အရာဝတ္ထုတစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိသည်။ မည်သည့်နေရာသို့ ရောက်ရှိနေသနည်းဟု စုံစမ်းရန် ခေါင်းကို လှည့်လိုက်သောအခါ နာကျင်လွန်းသဖြင့် လွှတ်ခနဲ အော်လိုက်မိသည်။ သူ၏ဦးခေါင်းသည် ပျဉ်ချပ်တစ်ခုတွင် သံမှိုစွဲထားသကဲ့သို့ရှိပြီး ဦးခေါင်းမှ အရေခွံများ ကွာထွက်သွားသည်ဟု ထင်မိသည်။ သူ၏ဦးခေါင်းကို မူလအနေအထားသို့ ပြန်ရောက်

mgyoe.com

mgyoe.com


အောင် တဖြည်းဖြည်းချင်း ပြန်လှည့်နေသည်။ သူ၏ခေါင်းထဲတွင် အသံတစ်ခု အော်မြည်လျက်ရှိသည်။ သူ၏နားထင်များသည် ဟာစ်အော်နေကြသည်။

ဒိန်းရဒိန်း၊ ဒိန်ရဒိန်း၊ ဒိန်းရဒိန်း။

သူသည် မျက်လုံးများကို မှိတ်လိုက်ပြီး တစ်ကြိမ် ညည်းလိုက်ပြန်သည်။ သူ အသက်ရှုနေသည်။ အို… ဘုရားသခင် ကျေးဇူးတော်၊ သူ အသက်ရှုနေသည်။ သူ အသက်ရှင်နေသည်။

"သူခံနေရတဲ့ ဒဏ်တွေ သက်သာသွားအောင် ငြိမ်ဆေးတစ်လုံး ထိုးပေးလိုက်မယ်။ နောက်သုံးလေးရက်ဆို သူဟာ တကယ့်လူသစ်တစ်ယောက် ဖြစ်လာမှာပဲ"

တစ်စုံတစ်ယောက်က ပြောလိုက်သည်။

"ငြိမ်ဆေးမထိုးရင်ကော ဘယ်လောက်ကြာမလဲ"

ခရစ်ယာန်ဘုန်းကြီး၏အသံ ဖြစ်သည်။

"ငါးနာရီ၊ ခြောက်နာရီ၊ ဒါပေမဲ့ သူ အလူးအလဲ ခံနေရမယ်။ ငြိမ်ဆေးထိုးပေးလိုက်ရင်တော့ သူဟာ…"

"ငြိမ်ဆေး မထိုးပါနဲ့"

ခရစ်ယာန်ဘုန်းကြီးက ပြောလိုက်သည်။

သူ၏ ဦးခေါင်းတစ်ခုလုံးပင် အပ်တွေနှင့် ထိုးစိုက်နေကြသလို နာကျင်လျက်ရှိသည်။ အသံတွေ မြည်ဟိန်းနေကြသည်။

ဒိန်းရဒိန်း၊ ဒိန်းရဒိန်း၊ ဒိန်းရဒိန်း။

ရီမီ ညည်းလိုက်ပြန်သည်။

နှစ်ပေါင်းများစွာ ကြာသွားသည်ဟု ထင်ရသည်။ သို့သော် သူနာပြုဆရာမကမူ သူ သတိပြန်ရလာပြီးနောက် ခြောက်နာရီပဲ ရှိသေးသည်ဟု ဆိုသည်။ အသက်ရှူ၍ ကောင်းသွားပြီဖြစ်သည်။ သူ၏လက်များနှင့် ခြေထောက်များလည်း ပူနွေးလျက် ရှိကြသည်။ လက်ကောက်ဝတ်များ၊ ခြေချင်းဝတ်များနှင့် နားထင်မှ နာကျင်မှုတို့သည်လည်း သက်သာစ ပြုလာပြီဖြစ်သည်။

သူသည် ဖြူဖွေးသော အခန်းတစ်ခုအတွင်း နူးညံ့သော ခုတင်တစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိသည်။ ညနေစောင်း နေရောင်ခြည်သည် သူ၏ညာဘက်တွင်ရှိသော ပြတင်းပေါက်ကြီးတစ်ခုမှ ဖြာဆင်းလျက်ရှိသည်။ အပြင်ဘက်တွင်ကား ရွှန်းစိုသော ဆောင်းဦးသစ်ပင်များကို လေပြည်လေညင်းတစ်ခုက တိုက်ခတ်လျက်ရှိသည်။

mgyoe.com

သူသည် လက်ကောက်ဝတ်များကို ပွတ်လိုက်ပြီးနောက် ခုတင်ခြေရင်းဘက်ရှိ ကုလားထိုင်ပေါ်တွင် ထိုင်နေသော မျက်နှာထားတင်းတင်းနှင့် သူနာပြုဆရာမကို မေးလိုက်သည်။

"ကျွန်တော် တစ်ခုခု စားရမလား"

"နောက်လေးဆယ့်ငါးမိနစ်ကြာမှ စားရမယ်"

ဆရာမသည် လေးဆယ့်ငါးနှစ်လောက်ရှိပြီ။ သူမ၏ မျက်နှာမှာ မာပြီး တွန့်နေသည်။ ယောကျ်ားတစ်ယောက်၏ လက်နှင့်တူသော သူမ၏လက်ပေါ်တွင် လက်ထပ်လက်စွပ် မရှိပါ။ သို့သော် သူမ၏ရင်သားများသည် ပြည့်ဖြိုးမို့မောက်လျက် ရှိကြသည်။ သူ၏ခြေထောက်များသည် ဒူးအထက်တွင် ချိတ်တင်ထားကြသည်။ တစ်ဆယ့်ခြောက်နှစ်အရွယ်တစ်ဦး၏ ခြေထောက်များဟု ထင်ရသည်။

သူနာပြုဆရာမသည် ပေါင်ပေါ်တွင်တင်ထားသော ဖက်ရှင်မဂ္ဂဇင်းတစ်စောင်ကို ကောက်ယူပြီး ဖတ်နေသည်။ မဂ္ဂဇင်းကို ကိုင်ထားပုံက သူမ၏မျက်နှာကို ကွယ်ထားသကဲ့သို့ပင် ဖြစ်သည်။ သူမက ကုလားထိုင်ပေါ်တွင် နေရာပြင်လိုက်ပြီး ချိတ်တင်ထားသော ခြေထောက်ကို ချလိုက်သည်။ ခဏအကြာတွင် ခြေထောက်များ ပြန်ချိတ်ထားလိုက်ကြပြန်သည်။ ထို့နောက် သူမသည် မဂ္ဂဇင်းကို ချလိုက်ပြီး ပြတင်းပေါက်ဆီသို့ ငေးနေသည်။

ရီမိုသည် သူ၏ ညဝတ်အင်္ကျီအဖြူကို အနေအထားပြင်လိုက်ပြီး ခုတင်ပေါ်တွင် ထထိုင်လိုက်သည်။ သူ၏ ပခုံးများကို အကြောဆန့်လိုက်သည်။ သူ မြင်တွေ့နေရသော အခန်းသည် တွေ့မြင်နေကျ ရိုးရိုးဆေးရုံခန်းတစ်ခန်းပင် ဖြစ်သည်။ အခန်းဖြူဖြူတွင် ခုတင်တစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ဆရာမတစ်ယောက်၊ ဗီရိုတစ်လုံးနှင့် ပြတင်းပေါက်တစ်ပေါက်တို့ ရှိကြသည်။

သို့သော် ဆရာမသည် သူမြင်တွေ့နေကျ သူနာပြုဦးထုပ်မျိုး ဆောင်းမထားပါ။ ထို့အပြင် ပြတင်းပေါက်မှာလည်း သံဆန်ခါကာထားသော မှန်ချပ်ကြီးတစ်ခု ဖြစ်သည်။

သူ၏ ညာဘက်လက်ကို လည်ကုပ်၏ အနောက်ဘက်သို့ ကွေးလိုက်ပြီး ညဝတ်အင်္ကျီနောက်ကျောကို သူ၏ လက်ဝဲဘက်ပခုံးပေါ်သို့ ဆွဲချပြီး ကြည့်သည်။ ဘာအမှတ်တံဆိပ်မှ မရှိပါ။ သူသည် ခုတင်ပေါ်တွင် ပြန်လှဲလိုက်ပြီး တစ်စုံတစ်ခု လာကျွေးမည်ကို စောင့်ဆိုင်းလျက် ရှိသည်။ သူ၏ မျက်လုံးများကို မှိတ်ထားသည်။ အိပ်ရာက နူးညံ့သည်။ အသက်ရှင်နေရသည်မှာ ကောင်းမွန်လှပါသည်။ အသက်ရှင်နေသည့်အတွက် ကြားနေရသည်။ အသက်ရှုနေရသည်။ ထိတွေ့နေရသည်။ အနံ့အသက်များ ရရှိနေသည်။ လူ့ဘဝ

mgyoe.com

mgyoe.com


၏အဓိကလုပ်ငန်းသည် အသက်ရှင်နေရေးပင် ဖြစ်သည်။

ငြင်းခုံနေကြသော အသံများကြောင့် သူ အိပ်ရာမှ နိုးလာသည်။ ငြင်းခုံနေကြသူများမှာ သံမဏိချိတ်ကောက်နှင့် ခရစ်ယာန်ဘုန်းကြီးက တစ်ဖက်၊ ဆရာဝန်ဟု ထင်ရသူနှစ်ဦးနှင့် သူနာပြုဆရာမတို့က တစ်ဖက်ဖြစ်သည်။

"နောက်နှစ်ရက်အတွင်းမှာ ဒီလူနာကို အစာပျော့ပျော့ကလွဲလို့ အခြားဟာတွေကို ကျွေးမယ်ဆိုရင် ကျုပ် တာဝန်မယူနိုင်ဘူး"

ဆရာဝန်တစ်ယောက်က ပြောသည်။ တခြားဆရာဝန်တစ်ယောက်နှင့် သူနာပြုဆရာမတို့ကမူ စကားကို သဘောတူညီသည့်အလား ခေါင်းညိတ်ကြသည်။

ခရစ်ယာန်ဘုန်းကြီးတွင် ခေါင်းဆောင်းဦးထုပ် မရှိတော့ပါ။ သူသည် ကာကီဝတ်စုံနှင့် ငါးရှဉ့်သွေးရောင်ဆွယ်တာအင်္ကျီတို့ကို ဝတ်ဆင်ထားသည်။ သူ၏ ချိတ်ကောက်ကို ခုတင်စွန်းတွင် ချိတ်ထားသဖြင့် သူပြောလိုက်သော စကားများသည် သူ့ကိုယ်တွင်းမှ ခုန်ထွက်လာကြဟန် ရှိသည်။

"ခင်ဗျား တာဝန်ယူရမယ်လို့ ကျုပ်ပြောနေတာမဟုတ်ဘူး၊ ကျုပ်တာဝန်ယူတယ်၊ သူ့ကို လူတစ်ယောက်လို စားစေရမယ်"

"ပြီးရင် ခွေးတစ်ကောင်လို သေမှာပဲ"

ခရစ်ယာန်ဘုန်းကြီးက ပြုံးလိုက်သည်။ သူမ၏မေးစေ့ကို ချိတ်ကောက်ဖြင့် ချိတ်လိုက်ပြီး...

"မင်းက နှုတ်သီးကောင်း လှပါးပဲ"

ဆရာမက သူမ၏မျက်နှာကို ခပ်ကြမ်းကြမ်းပင် ရှန်းလိုက်သည်။

"အဲဒီလူ အစာပျော့ပျော့ကလွဲလို့ တခြားတစ်ခုခုစားရင် အုပ်ချုပ်ရေးမှူး စမစ်ကို ကျုပ် သွားပြောရလိမ့်မယ်"

ပထမဆရာဝန်က ပြောလိုက်သည်။

"ကျုပ်လည်း သူနဲ့လိုက်သွားမယ်"

ဒုတိယဆရာဝန်က ပြောသည်။

ဆရာမက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ သွားကြ၊ အခုသွားကြ၊ စမစ်တီကို ကျုပ်ကမေးလိုက်တယ်လို့ ပြောပါ"

ခရစ်ယာန်ဘုန်းကြီးက သူတို့ကို တံခါးပေါက်ဆီသို့ ညွှန်ပြရင်း ပြောလိုက်သည်။

၎င်းတို့ထွက်သွားသောအခါ သူက တံခါးကို ပိတ်လိုက်သည်။ ထို့နောက် အစား

mgyoe.com

mgyoe.com
အစာ တွန်းလှည်းတစ်ခုကို မီးဖိုထဲမှနေပြီး ခုတင်ဆီသို့ တွန်းယူလာသည်။ သူက ဆရာမ၏ ကုလားထိုင်ကို ဆွဲယူလိုက်ပြီး တွန်းလှည်းပေါ်မှ ငွေအုပ်တစ်ခုကို ဖွင့်လိုက်သည်။ ပုစွန်တုပ်ကြီးတွေ ဖြစ်သည်။ အားလုံး လေးကောင်။ ၎င်းတို့၏ ဝမ်းဗိုက်အတွင်းမှ ထောပတ်ဆီများ စိမ့်ကျလျက်ရှိသည်။

"ကျုပ်နာမည် ကွန်မက္ကလာရီ"

သူက ပုစွန်တုပ်နှစ်ကောင်ကို ပန်းကန်တစ်ချပ်တွင်ထည့်ကာ ရီမိုသို့ ပေးရင်း ပြောသည်။

ရီမိုက သံမဏိရိုက်ခွဲတံကလေးကိုယူပြီး ပုစွန်တစ်ကောင်၏ လက်ချောင်းများကို ရိုက်ခွဲလိုက်သည်။ ထို့နောက် အဆီများအိနေသော ပုစွန်အဖြူအနှစ်များကို ခက်ရင်းတစ်ချောင်းဖြင့် ထိုးကော်ကာ သည်အတိုင်း မဝါးဘဲ မျိုချလိုက်သည်။ ထို့နောက် သူ့ရှေ့တွင် ရုတ်ခြည်းဆိုသလို ရောက်လာသော ဘီယာဖန်ခွက်ထဲမှ ရွှေဝါရောင်ဘီယာတစ်ကျိုက်ကြီးဖြင့် မျှောချလိုက်သည်။ ပြီးလျှင် ပုစွန်တုပ်၏ ကိုယ်ထည်ပိုင်းကို ဆက်ပြီးစားနေသည်။

"ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာသလဲဆိုတာ မင်း အံ့သြနေမှာပဲ"

မက္ကလာရီပြောသည်ကို ရီမို ကြားရသည်။

ရီမိုက ဒုတိယပုစွန်တုပ်ကြီးဆီသို့ လက်ရောက်သွားသည်။ သည်တစ်ကြိမ်တွင်မူ ပုစွန်လက်ချောင်းများကို လက်ဖြင့်ပင် ညှစ်ခွဲလိုက်ပြီး အထဲမှအဆီများကို ပါးစပ်ဖြင့် စုပ်ယူနေသည်။ ဖန်ခွက်တစ်ခုထဲတွင် စကော့ချ်ဝီစကီတစ်ဝက်လောက် ငှဲ့ထားသည်။ သူက ရွှေညိုရောင်ယမကာရည်များကို ကျိုက်ချလိုက်သည်။ ထို့နောက် ပါးစပ်တွင် ပူလောင်သွားသည်။ အမြှုပ်ဖြူဖြူများထနေသော ဘီယာဖြင့် ငြိမ်းသတ်လိုက်သည်။

"ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတယ်ဆိုတာ မင်း အံ့သြနေမှာပဲ"

မက္ကလာရီက နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

ရီမိုက ပုစွန်အသားဖြူဖြူတစ်တုံးကို ထောပတ်ရည်ခွက်ထဲတွင် နှစ်လိုက်သည်။ မက္ကလာရီကို သူ ခေါင်းညိတ်ပြလိုက်ပြီး ထောပတ်ဆီတွေ တစက်စက်ကျနေသော ပုစွန်တုံးကို သူ့ခေါင်းပေါ်သို့ မြှောက်ယူလိုက်သည်။ ပုစွန်အတုံးကို သူ၏ပါးစပ်အတွင်းသို့ နှိမ့်ချရင်း တစက်စက်ကျလာသော ထောပတ်များကို လျှာဖြင့် ခံယူလျက်ရှိသည်။

မက္ကလာရီ စတင်ပြောဆိုသည်။ သူက ပုစွန်တုပ်ကိုစားရင်း၊ ဘီယာကို သောက်ရင်း၊ စီးကရက်ကို ရှိုက်ဖွာရင်း ပြောနေသည်။ ပြာခွက်ထဲတွင် စီးကရက်တိုများ ပြည့်လာသောအခါ နေဝင်သွားပြီဖြစ်သဖြင့် မီးခလုတ်ကို သူဖွင့်ရသည်။
mgyoe.com

ဗီယက်နမ်စစ်ပွဲတွင် မရိန်းတပ်သားတစ်ယောက် လယ်တဲတစ်ခုအတွင်းသို့ ဝင်သွားပြီး ဗီယက်ကောင်းငါးယောက်ကို ရှင်းလင်းလိုက်သည့်အကြောင်း သူပြောသည်။ သေဆုံးခြင်းနှင့် လူ့ဘဝအကြောင်းကို သူပြောသည်။ နောက်ဆုံးတွင် အာရောဂျံအကြောင်းကို သူပြောသည်။

"အာရောဂျံကို အပေါ်ဆုံးကနေ ဘယ်သူကြိုးကိုင်နေတယ်ဆိုတာကိုတော့ မင်းကို ငါ မပြောနိုင်ဘူး"

ရီမို ဘရန်ဒီတစ်ကျိုက် ကျိုက်ချလိုက်သည်။ သူက အချိုဓာတ်နည်းသောအရက်ကို ပိုပြီးကြိုက်သည်။

"အေး... ဒါပေမဲ့ ငါဟာ မင်းရဲ့ အထက်လူကြီးပဲ။ မင်းဘဝမှာ တကယ်မေတ္တာချစ်ဆိုတာကိုတော့ မရနိုင်ဘူး။ ဒါပေမဲ့ မိန်းမတွေကိုတော့ မင်းကြိုက်သလိုရနိုင်တယ်။ ငွေရေးကြေးရေး ဘာမှပြောစရာမလိုဘူး။ တစ်ခုပဲ ပြဿနာရှိတယ်။ မင်းအနေနဲ့ ပေါက်ကြားခဲ့ရင်တော့ မင်းဟာ ဒီပွဲကနေ ထွက်သွားရမှာပဲ။ အဲ... မင်းဟာ ကိုယ့်ကိုယ်ကိုယ် သတိထားနေမယ်ဆိုရင်တော့ ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ တစ်နေ့မှာ မင်းဟာ အထက်တန်းကျကျနဲ့ စည်းစိမ်ရှိရှိ အငြိမ်းစားယူသွားနိုင်မှာပဲ"

မက္ကလာရီ ကုလားထိုင်တွင် ကျောမှီလိုက်ပြီး...

"အငြိမ်းစားဘဝကို မရနိုင်ဘူးရယ်လို့ မရှိဘူး"

လင်ပန်းပေါ်တွင် တစ်စုံတစ်ခုကို ရှာဖွေနေသော ရီမိုကိုကြည့်ရင်း ပြောလိုက်သည်။

"ကော်ဖီရှိလား"

ရီမို မေးလိုက်သည်။

မက္ကလာရီက ကော်ဖီပုလင်းရှည်ကြီး၏အဖုံးကို ဖွင့်ပေးလိုက်သည်။

"အေး... ဒါပေမဲ့ မင်းကို ငါ သတိပေးစရာတစ်ခုတော့ ရှိတယ်။ ဒီအလုပ်က တော်တော်မကောင်းတဲ့ အလုပ်တစ်ခုပဲ။ မင်းဘဝဟာ ရှင်လျက်နဲ့ သေသွားသလို ဖြစ်နေမယ်။ မင်းမှာ တစ်ညလောက် အနားရနေလို့လည်း မင်းဟာ ဘာတစ်ခုမှ လုပ်နိုင်မှာမဟုတ်ဘူး။ နောက်ပြီးတော့ ငါတို့အနေနဲ့ အနားယူဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး။ ငါတို့ဟာ အဲဒီလောက်ရောက်အောင်လည်း အသက်ရှင်နေကြမှာမဟုတ်ဘူး။ စောစောက ငါပြောတဲ့ အငြိမ်းစားကိစ္စဆိုတာဟာ တကယ်တော့ ဘာမှ အဓိပ္ပာယ်မရှိဘူး"

မက္ကလာရီက အငွေ့တထောင်းထောင်းထနေသော ကော်ဖီကို ငှဲ့ထည့်ပေးရင်း ပြောသည်။ ထို့နောက် ရီမို၏ အေးစက်သော မျက်လုံးများကိုကြည့်ရင်း...

mgyoe.com

mgyoe.com


"မင်းဟာ မနက်စာစားတဲ့အချိန်မှာ အန္တရာယ်တစ်ခုခုနဲ့ တွေ့ရမယ်။ နေ့လယ်စာစားတဲ့အချိန်မှာ တထိတ်ထိတ်ဖြစ်နေရမယ်။ ညအိပ်တဲ့အချိန်မှာ အခြေအနေ ပိုပြီး ဆိုးရွားလာမယ်။ မင်းဟာ အားလပ်ချိန်ဆိုလို့ နှစ်မိနစ်လောက်ပဲရှိမယ်။ မင်းနောက်ကျောကို ဘယ်သူကများ ဓားနဲ့ထိုးလိုက်မလဲလို့ သမင်လည်ပြန်မကြည့်ရတဲ့ နှစ်မိနစ်လောက်ကလေးပေါ့"

ထို့နောက် မက္ကလာရီ သူ၏လေသံကို တိုးလိုက်ပြီး...

"အေး... မင်းကို ငါ တစ်ခုပဲ ကတိပေးနိုင်တယ်။ အဲဒါကတော့ တစ်နေ့ကျရင် ငါတို့နိုင်ငံကြီးဟာ ငါတို့ရဲ့ လုပ်ဆောင်မှုတွေကြောင့် အာရောဂျံအဖွဲ့ကြီးရဲ့ လှုပ်ရှားမှုတွေ မလုပ်ဆောင်တော့ဘဲ ကလေးတွေဟာ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဘယ်လမ်းမှာပဲဖြစ်ဖြစ် အေးအေးဆေးဆေး လမ်းလျှောက်ပြီး သွားနိုင်ကြမယ်။ မူးယစ်ဆေးဝါးမသုံးရလို့ ရာဇဝတ်မှု ကျူးလွန်တဲ့ လူငယ်ကလေးတွေ မရှိတော့သလို ပြည့်တန်ဆာအိမ်ကို အတင်းအပို့ခံရတဲ့ မိန်းကလေးတွေလည်း ငါတို့နိုင်ငံမှာ မရှိတော့ဘူး"

ထို့နောက် မက္ကလာရီသည် ရီမို၏အနီးမှ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး

"အဲ... ငါတို့အနေနဲ့ မင်းကို နောက်ဆုံးပေးနိုင်တဲ့ မျှော်လင့်ချက်ကတော့ မင်းအနေနဲ့ ခြောက်လလောက် အသက်ရှင်နေတယ်ဆိုရင် အံ့သြစရာပဲ၊ တစ်နှစ်ဆိုရင် မယုံနိုင်စရာကြီးပဲ။ မင်းကို ငါတို့ပေးနိုင်တာကတော့ အဲဒါပဲ"

ရီမို ကော်ဖီပန်းကန်ထဲသို့ နို့များ လောင်းထည့်နေသည်။ ကော်ဖီရောင် ဖြူဖွေးသွားသည်အထိ ဖြစ်သည်။

"မင်းသဘောကို ပြောပါဦး"

မက္ကလာရီ မေးလိုက်သည့်အသံကို ရီမိုကြားရသည်။ သူ မော့ကြည့်လိုက်သည်။ မက္ကလာရီ၏အရိပ်ကို မှန်ထဲတွင် မြင်ရသည်။ သူ့မျက်လုံးများ နီရဲနေသည်။ သူ့မျက်နှာ တင်းနေသည်။

"မင်းသဘောကို ပြောပါဦး"

မက္ကလာရီ ထပ်မေးသည်။

"ဩော်... အင်း... အင်း၊ ကျွန်တော့်ကို စာရင်းထဲ ထည့်ထားနိုင်ပါတယ်"

ရီမိုက ကော်ဖီပန်းကန်ကိုသောက်ရင်း ပြန်ပြောသည်။

ထို့နောက်...

"ခင်ဗျား ကျွန်တော့်ကို ထောင်ချောက်ဆင်ယူတာပဲပေါ့"

mgyoe.com